# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ် (၁၉၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်းရှိ ပွဲကြည့်စင်နှင့် ဝင်ပေါက်များ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်းရှိ အားကစားရုံများ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ၂၀၁၃ ခုနှစ်တွင် တည်ဆောက်ပြီးစီးဖွင့်လှစ်ခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း (Wunna Theikdi Sports Complex) အတွင်းရှိ အားကစားရုံအဆောက်အအုံများ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❍*

**ယနေ့ ဖတ်စရာ**

**ဗန်ကောက်မြို့ နေထိုင်သူများ အကြား အဆောက်အအုံများ၏ ငလျင်ဒဏ် ခံနိုင်ရည်နှင့် ပတ်သက်ပြီး စိုးရိမ်မှုများ မြင့်တက်**

နိုင်ငံတကာသတင်း | စာ ၁၄



**မလေးရှားနိုင်ငံနှင့်ဘယ်လာရုစ်နိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရောက်ရှိ**

ပြည်တွင်းသတင်း | စာ ၁၉



# မြန်မာနိုင်ငံကို ကူညီပံ့ပိုးရန်နှင့် မြန်မာပြည်သူများနှင့် တစ်သားတည်းရှိရန်လို

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုကြောင့် မြန်မာပြည်သူများ သိန်းနှင့်ချီ၍ သဘာဝဘေးအန္တရာယ်ကို ခံစားနေကြရပြီး ထောင်နှင့်ချီ၍ သေကျေပျက်စီးထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ နွေရာသီ၏ ပြင်းထန်သောအပူရှိန်ကို အန်တုကာအသက်မသေဘဲ ကျန်ရှိနေသည့် ငလျင်ဒဏ်သင့်ပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်မှုများပြုလုပ်နေရချိန်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေးက မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကို ရှေးနည်းများအတိုင်းပင် ချမှတ်ခဲ့သည်။

မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ယခင့် ယခင်ဆုံးဖြတ်ချက်အဆိုများ ချမှတ်ခဲ့ရာတွင် လူ့အခွင့်အရေးကောင်စီ၏ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိခြင်း၊ အငြင်းပွားဖွယ်အချက်အလက်များ၊ ခိုင်လုံမှုမရှိသောအချက်အလက်များအပေါ်အခြေခံ၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ ပြုမူခဲ့ကြပြီး မြန်မာနိုင်ငံနှင့်ပတ်သက်၍ နိုင်ငံရေးထိုးနှက်တိုက်ခိုက်ရန် ရည်ရွယ်သည့် ဆွေးနွေးမှုများကို တောက်လျှောက်ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ ဆိုသူတို့က မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာများအပေါ် အနှစ်သာရကင်းသည့် အပြန်အလှန်ဆွေးနွေးမှုများကို မတ်လ ၃ ရက်နှင့် ၂၀ ရက်တို့တွင် ပြုလုပ်ခဲ့ကြသည်။ ဥရောပသမဂ္ဂက တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်အဆိုကို သက်ဆိုင်ရာနိုင်ငံကို ချန်လှပ်၍ ဘုံသဘောတူညီချက်မရှိဘဲ ဧပြီ ၃ ရက်တွင် အတည်ပြုချမှတ်ခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ဆောင်ရွက်ချက်မှာ လတ်တလောသဘာဝဘေးကို ကြီးမားပြင်းထန်စွာ ရင်ဆိုင်ကြုံတွေ့ခံစားနေရသည့် မြန်မာနိုင်ငံ၏ အခြေအနေနှင့် တခြားစီဖြစ်နေသည်။ လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ ကမ္ဘာပေါ်တွင် ဝေဖန်ထောက်ပြစရာ နိုင်ငံများရှိနေသော်လည်း လူ့အခွင့်အရေးကောင်စီတွင် စံနှုန်းနှစ်မျိုးရှိနေသည့်အလား မြန်မာနိုင်ငံသည်သာဘေးဒုက္ခကပ်ဆိုးကျရောက်နေချိန်မှာပင် မရှောင်ပြစ်တင် ဝေဖန်မှုများကို အပ်ကြောင်းထပ်ဆက်လက်ရင်ဆိုင်နေရခြင်းမှာ ဝမ်းနည်းဖွယ်ပင်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း တစ်နှစ်ပြီးတစ်နှစ် သဘာဝဘေးဆိုးကြီးများကို ကြုံတွေ့ခဲ့ရပြီး ပြီးခဲ့သည့်ခြောက်လခန့်အတွင်း လွန်စွာကြီးမားသည့် ရေဘေးနှင့် ငလျင်ဘေးတို့ကို တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုပြင်းထန်စွာ ဆက်တိုက်ခံစားခဲ့ရသည့် မြန်မာပြည်သူများအတွက် ကမ္ဘာ့မိသားစုဝင်နိုင်ငံများ၏ ကူညီဖေးမမှု၊ အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှုနှင့် ဘေးဒဏ်ခံစားနေရသည့် ပြည်သူများနှင့် တစ်သားတည်းရှိမှုတို့မှာ အမှန်တကယ်ပင်လိုအပ်သည်။

တစ်ကမ္ဘာလုံးတွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ကိုဗစ်- ၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှု ပြင်းထန်နေချိန်မှာပင် မိမိတို့ မြန်မာနိုင်ငံမှာ နိုင်ငံရေးသွတ်သွင်းထားသောအမြင်ဖြင့် ရှုမြင်ခံခဲ့ရပြီး ကာကွယ်ဆေးရရှိမှု နောက်ကျခဲ့သည်မှာ မမေ့နိုင်ဖွယ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအပေါ် စာနာထောက်ထားသည့် မိတ်ကောင်းဆွေကောင်းနိုင်ငံများ၏ ဖေးမကူညီမှုကြောင့်သာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မြန်မာပြည်သူတို့ အချိန်မီထိုးနှံခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ ယခုလည်း အင်အားအလွန်ပြင်းထန်သည့် မြေငလျင်ဘေးဒဏ်ကို မိမိတို့နိုင်ငံ ကြုံတွေ့ရချိန်တွင် နာရီပိုင်းအတွင်း ကူညီမှု၊ စာနာထောက်ထားမှု၊ တစ်သားတည်းအတူရှိမှုတို့ကို ပြသခဲ့သည်မှာ အဆိုပါ မိတ်ကောင်းဆွေကောင်းနိုင်ငံများပင်ဖြစ်သည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့ လူ့အခွင့်အရေး ပိုမိုရရှိရေး၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ မြှင့်တင်ရေးဟုဆိုကာ ဆယ်စုနှစ်များနှင့်ချီ၍ အချိန်ကုန်၊ ငွေကုန်၊ အကျိုးမဲ့ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံအပေါ် ဖိအားပေးရန် ကြိုးပမ်းမှုများအပေါ် ပြန်လည်သုံးသပ်ရန် လိုအပ်နေပြီဖြစ်သည်။

သဘာဝဘေးအန္တရာယ်များကြောင့် အခက်အခဲများ ကြုံတွေ့နေရသည့် နိုင်ငံတစ်နိုင်ငံနှင့် ပြည်သူများအတွက် လိုအပ်သည်မှာ သဘာဝဘေးတုံ့ပြန်ရေး ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကူညီပံ့ပိုးမှုပြုရန်သာဖြစ်ပြီး ဝေဖန်ပြစ်တင်မှုမဟုတ်ပါကြောင်း။ ။

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၇**

မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၇ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၂၀ ရက်နေ့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလ ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျ ပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် အသိပေးထုတ်ပြန်ကြေညာချက်

**ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၇ ရက်**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က ဖြစ်ပွားခဲ့သော မန္တလေးမြေငလျင်ကြီးဒဏ်ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အဆောက်အအုံတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့၍ ပြန်လည်ပြင်ဆင်ရန် လိုအပ်ပါသဖြင့် ၂၉-၃-၂၀၂၅ ရက်နေ့၊ ၃၁-၃-၂၀၂၅ ရက်နေ့နှင့် ၁-၄-၂၀၂၅ ရက်နေ့တို့တွင် ကြားနာရန် ကြိုတင်သတိပေး အမှုခေါ်စာရင်း ထုတ်ပြန်ထားသည့် ရာဇဝတ်ဆိုင်ရာနှင့် တရားမဆိုင်ရာအမှုများကို ၂၃-၄-၂၀၂၅ ရက်နေ့၊ ၂၄-၄-၂၀၂၅ ရက်နေ့၊ ၂၅-၄-၂၀၂၅ ရက်နေ့တို့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး (၀၆၇-၄၅၁၀၂၄၂) တွင် ပြန်လည်ကြားနာသွားမည် ဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းမည့်အမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အမှုလက်ခံကောင်တာတွင် ယခင်အတိုင်း လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ကြိုတင်သတိပေးအမှုခေါ်စာရင်းနှင့် ရုံးခန်းတွင်းဆောင်ရွက်ချက်၊ ရုံးထိုင်ဆောင်ရွက်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်တရားလွှတ်တော်များ၏ ကြော်ငြာသင်ပုန်းများတွင် ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာလိုက်သည်။ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဧပြီ ၇**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ရခိုင်တိုင်းရင်းသားများပါတီ (Rakhine Nationalities Party)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့ပါသည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၁ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ ပါတီ၊ စုစုပေါင်း ၇၁ ပါတီရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့် အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ရာဇဝင်တွင်တဲ့ PDF တို့ရဲ့ ယုတ်မာမှု"** ခေါင်းစဉ်ဖြင့် ဧပြီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"သဘာဝဘေးကြောင့် စားဝတ်နေရေးကစလို့ အရာအားလုံး ခက်ခဲနေချိန်မှာ ဖောက်ခွဲဖျက်ဆီးရေးတွေကို လုပ်နိုင်သေးတဲ့ အကြမ်းဖက်သမားတွေရဲ့ စိတ်ယုတ်မာများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A) အဆောက်အအုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

❍ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်းသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ဘောလုံးကွင်းနှင့် ပြေးလမ်း ထိခိုက်ပျက်စီးခဲ့ရမှုများ၊ ပွဲကြည့်စင်နှင့် ဝင်ပေါက်များ ထိခိုက်ပျက်စီးခဲ့ရမှုများကို ကြည့်ရှုစစ်ဆေးရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများဖြစ်ပေါ်ခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်းရှိ အားကစားရုံများနှင့် အားကစားကွင်းများအား ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့များမှ နည်းပညာရှင်များဖြင့် စနစ်တကျစစ်ဆေး၍ ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားပွဲများကျင်းပချိန်တွင် အားကစားသမားများနှင့်ပရိသတ်များ အများအပြားလာရောက်ကြမည် ဖြစ်သဖြင့် ကြံ့ခိုင်မှုကို အလေးပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မီတာ ၄၀၀ ပြေးလမ်းနှင့် ပွဲကြည့်စင်များရှိ ထိုင်ခုံများကို စနစ်တကျဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

**❑ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများဖြစ်ပေါ်ခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းအတွင်းရှိ အားကစားရုံများနှင့်အားကစားကွင်းများအား ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့များမှ နည်းပညာရှင်များဖြင့် စနစ်တကျစစ်ဆေး၍ ပြုပြင်ဆောင်ရွက်**

**❑ အားကစားပွဲများ ကျင်းပချိန်တွင် အားကစားသမားများနှင့်ပရိသတ်များ အများအပြားလာရောက်ကြမည်ဖြစ်သဖြင့် ကြံ့ခိုင်မှုကို အလေးပေးဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၁၃ ခုနှစ် မေလ ၃၁ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည့်ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)နှင့် (B)အဆောက်အအုံနှင့် ၂၀၁၃ခုနှစ် မေလ ၃၀ ရက်တွင် တည်ဆောက်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) အဆောက်အအုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ပြီးစီးခဲ့သည့် ဝဏ္ဏသိဒ္ဓိရေကူးကန်တို့သို့ သွားရောက်၍ ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

**စနစ်တကျစစ်ဆေး**

ရှင်းလင်း တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ယခုအားကစားရုံများအနေဖြင့် ထိခိုက်ပျက်စီးမှု အနည်းငယ်သာ ဖြစ်ပေါ်ခဲ့သော်လည်း Indoor Games များ ကျင်းပရာနေရာများဖြစ်သဖြင့် နည်းပညာရှင်များဖြင့် စနစ်တကျစစ်ဆေး၍ ကြံ့ခိုင်မှုအခြေအနေကို သိရှိနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် အဆောက်အအုံ ကြံ့ခိုင်မှုနှင့်ဘေးကင်းလုံခြုံမှုကို ဦးစားပေး၍ စနစ်တကျပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝဏ္ဏသိဒ္ဓိရေကူးကန် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေ၊ ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ရှာဖွေကယ်ဆယ်ရေး ကူညီဆောင်ရွက်နေမှုအခြေအနေ၊ ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများအတွက် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု အကူအညီထောက်ပံ့ပေးအပ်မှုအခြေအနေနှင့် ပြန်လည်ထူထောင်ရေးကာလအတွက် နည်းပညာပိုင်းဆိုင်ရာအပါအဝင် လိုအပ်သည့် အကူအညီများ ပံ့ပိုးပေးအပ်ရေးတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်တို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး ဒေါက်တာ မိုဟာမက်မွန်(န)ဝါ ဟူစိန်အား မေ ၇ ရက် နံနက်က နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ခဲ့မှုနှင့် ဘင်္ဂလားဒေ့ရှ် ဆေးအဖွဲ့များ မြန်မာနိုင်ငံသို့ စေလွှတ်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ငလျင်ဒဏ်သင့်ပြည်သူများဘဝကို ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအတွက် နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်အတွက်လည်း ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် အလားအလာရှိသည့် ကဏ္ဍများ၌ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ INGO အဖွဲ့ဖြစ်သည့် Humedica နှင့် International Medical Corps တို့မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အစိုးရမဟုတ်သည့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် Humedica နှင့် International Medical Corps တို့မှ ကိုယ်စားလှယ်များအား မေ ၇ ရက် ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။(ဝဲပုံ)

ထိုသို့တွေ့ဆုံစဉ် အဆိုပါအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံရှိ ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးအထောက်အကူဆိုင်ရာ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နန်းတော်ဦးလောကမာရဇိန်စေတီတော်ကြီး ငလျင်ဒဏ်ကြောင့် ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

❑ *ကျော့ဖုံးမှ*

**ရှေးမူမပျက် ပြုပြင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သမိုင်းဝင် နန်းတော်ဦး လောကမာရဇိန်စေတီတော်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော် အပါအဝင် ပြိုကျ ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက စေတီတော်ကြီး၏ ပြိုကျပျက်စီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က စေတီတော်ကြီးသည် သမိုင်းဝင် စေတီတော်ဖြစ်သည့်အတွက် ရှေးမူမပျက် မူလလက်ရာများအတိုင်း စနစ်တကျ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အပိုင်းအလိုက် ဆောင်ရွက်ရန်မှာကြားသည်။

အဆိုပါ နန်းတော်ဦးလောကမာရဇိန်စေတီတော်ကြီးကိုကောဇာသက္ကရာဇ် ၁၁၆၁ ခုနှစ်တွင် ဗဒုံမင်းတရားကြီး ဘိုးတော်ဦးဝိုင်းက တည်ထားပူဇော်ခဲ့ပြီး "နန်းတော်ဦး ရန်အောင်နိုင်" ဘွဲ့သမုတ်တော်မူခဲ့သည့် ကောဇာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်တွင် ဆရာတော် ဦးသြဘာသနှင့် ဦးအာစရတို့က နန်းတော်ဦးစေတီတော်ကိုငုံ၍ ဖိနပ်တော် ၅၄ တောင်၊ ဉာဏ်တော် ၇၂ တောင်၊ ထီးတော်အမြင့် ၁၈ တောင်ကို တည်တော်မူခဲ့ပြီး ကောဇာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ်တွင် တည်ဆောက်ပြုပြင်မှု ပြီးဆုံး၍ ထီးတော်အသစ်တင်လှူပြီး "နန်းတော်ဦး လောကမာရဇိန်" ဘွဲ့တော်သမုတ်၍ တည်ထားပူဇော်ထားခြင်းဖြစ်ကြောင်း သိရသည်။

**လုပ်ငန်းခွင်ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်ငူမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် တောင်ငူဗဟိုအကျဉ်းထောင်သို့ ရောက်ရှိကြရာ ယာယီရှင်းလင်းဆောင်၌ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများက အကျဉ်းထောင်တည်ဆောက်ရေး လုပ်ငန်းများ အပိုင်းအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ငူ ဗဟိုအကျဉ်းထောင် တည်ဆောက်နေသည့် လုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်လျက်ရှိသည့် အကျဉ်းထောင်အား ငလျင်ဒဏ် ခံနိုင်ရည်ရှိအောင် ထည့်သွင်းတွက်ချက် ဒီဇိုင်းရေးဆွဲဆောက်လုပ်ရန်၊ တာဝန်ရှိသူများနှင့် QC အဖွဲ့များ ပူးပေါင်း၍ နှစ်ပတ်တစ်ကြိမ် သို့မဟုတ် တစ်ပတ်တစ်ကြိမ် ဆောက်လုပ်ရေးလုပ်ငန်းများကို စစ်ဆေးရန်၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ အသုံးပြုရန်နှင့် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာအကူအညီများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

**အမြန်ဆုံးပြုပြင်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူနည်းပညာတက္ကသိုလ်သို့ ရောက်ရှိကြရာ နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်က တက္ကသိုလ်ဖွဲ့စည်းတည်ဆောက်ထားရှိသည့် အချက်အလက်များ၊ ငလျင်ဒဏ်ကြောင့် တက္ကသိုလ်ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် အန္တရာယ်ရှိ အဆောက်အအုံ/နေရာများ အလိုက် သတ်မှတ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက္ကသိုလ်အတွင်း ငလျင်ကြောင့် ပျက်စီးခဲ့သည့် Lobby၊ ပင်မသုံးထပ်ဆောင်၊ Extension Building လေးထပ်ဆောင်၊ သုံးထပ်စာသင်ဆောင်၊ တစ်ထပ်လက်တွေ့ဆောင်၊ ကွန်ပျူတာအခန်းများနှင့် ဘာသာရပ်အလိုက် စာသင်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ၏ ကြံ့ခိုင်မှုတို့အား ပဲခူးတိုင်းဒေသကြီးအစိုးရ၊ အဆောက်အအုံစစ်ဆေးရေး အဖွဲ့များ၏ စစ်ဆေးပြီး အခြေအနေများအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပညာရှင်များမှ တိုင်းတာစစ်ဆေးသည့် စက်ကိရိယာများဖြင့် ထပ်မံစစ်ဆေးလျက် ပြုပြင်ရန်လိုအပ်သည့် အဆောက်အအုံနှင့် အစိတ်အပိုင်းများအား မိုးရာသီမတိုင်မီ အမြန်ဆုံး ပြန်လည်ပြုပြင် တည်ဆောက်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တောင်ငူပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသူများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တောင်ငူတက္ကသိုလ် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တောင်ငူဗဟိုအကျဉ်းထောင် တည်ဆောက်ရေးလုပ်ငန်းခွင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ နည်းပညာတက္ကသိုလ်သည် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO 9001:2015 ) ရရှိပြီးသည့် မြန်မာနိုင်ငံ၏ အဆင့်မြင့် နည်းပညာတက္ကသိုလ်တစ်ခုဖြစ်ပြီး ၂၀၁၈–၂၀၁၉ ပညာသင်နှစ်အထိ Civil, EC,EP, Mech စသည့် မေဂျာကြီး လေးခုသာ သင်ကြားပို့ချခဲ့သော်လည်း ၂၀၁၉–၂၀၂၀ ပညာသင်နှစ်မှစ၍ IT နှင့် MC မေဂျာနှစ်ခုကို ထပ်တိုး သင်ကြားနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့်တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရပ်သားပြည်သူများကို လိုက်လံကြည့်ရှု၍ ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများ၊ ရောဂါသက်သာပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို လည်းကောင်း၊ ဆေးရုံမှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါဆေးရုံ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများကို အတွင်းလူနာအဖြစ် ၆၇ ဦး တက်ရောက်ကုသမှုခံယူခဲ့ရာမှ ယခုအခါ ရှစ်ဦးသာ ဆေးကုသမှုခံယူရန် ကျန်ရှိပြီး ၅၉ ဦးသည် ထိခိုက်ဒဏ်ရာများ

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

သက်သာ ပျောက်ကင်းသွားပြီ ဖြစ်သဖြင့် ဆေးရုံမှ ဆင်းခွင့်ရရှိသွားကြပြီဖြစ်ကြောင်း သိရသည်။

**သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင်ရွှေဆံတော်စေတီတော်သို့ရောက်ရှိကြရာ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကြပြီး စေတီတော်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး၏ ထီးတော်မှ မြေခဲ့သည့် အစိတ်အပိုင်းများ၊ ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး၏ ထီးတော် အနည်းငယ် တိမ်းစောင်းနေမှု၊ စေတီတော်ကြီး အနည်းငယ် ကွဲအက်ပျက်စီးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းစွာ လာရောက်ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းများကို ရေးမူမပျက် အမြန်ဆုံး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂန္ဓဝင်ကိုးခန်းသိမ်တော်ကြီး၌ ရတနာဂုဏ်မြင့်ကျောင်း ရွှေလင်းယုန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ အမှူးပြုသော ဩဝါဒါဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီတော်များအတွက် အလှူရှင်များရှိပြီး ဖြစ်သဖြင့် ပြန်လည်ပြုပြင်ရာတွင် ရေးမူမပျက် မူလလက်ရာအတိုင်း ပိုမိုခိုင်ခံ့မှုရှိစေရန်အတွက် လိုအပ်သည့် နည်းပညာအကူညီများဖြင့် ဆောင်ရွက်သွားမည့် အခြေအနေများကို လျှောက်ထားရာ ကြာနီကန်စာသင်တိုက်မှ နိုင်ငံတော်ဩဝါဒါစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သူရိယ က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကြုံတွေ့ခဲ့ရသည့် ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ်များကို သဒ္ဓါ၊ သတိ၊ ပညာ၊ ဝီရိယ၊ ပညာ ယှဉ်၍ အောင်မြင်စွာ ကျော်လွှားနိုင်ပါကြောင်း၊ အောင်မြင်နိုင်ရန်လည်း ယုံကြည်ချက်ရှိရှိဖြင့် ရင်ဆိုင်ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဩဝါဒမိန့်ကြားရာ ဒုတိယဝန်ကြီးချုပ်က ယခုဖြစ်ပွားခဲ့သည့် ငလျင်ဘေးဒဏ်နှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့် အခြားသာသနာဆိုင်ရာကိစ္စရပ်များကို ထပ်မံလျှောက်ထားတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုကြောင့် Main Structure တိုင်များမှ ကွန်ကရစ်များ ကြေမွ၍ သံချောင်းများ ကွေးညွတ်ပြီး ထိခိုက်ပျက်စီးမှု များပြားခဲ့သည့် ရာမည သုံးထပ်စာသင်ဆောင်နှင့် မြေညီထပ်စာဖတ်ခန်းရှိ ကြမ်းခင်းများနှင့် အုတ်နံရံများ ကွဲကျပျက်စီးခဲ့သည့် စာကြည့်တိုက်တို့ကို လည်းကောင်း၊ စက်မှုလက်မှုသိပ္ပံ (တောင်ငူ)တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းသား ကျောင်းသူအဆောင်များ၊ ဝန်ထမ်းအိမ်ရာများကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများ၏ ကြံ့ခိုင်မှုအခြေအနေများကို သက်ဆိုင်ရာနယ်ပယ်အလိုက် ပညာရှင်များ ပါဝင်သောအဖွဲ့နှင့် စစ်ဆေး၍ ပြန်လည် တည်ဆောက်ရမည့် အဆောက်အအုံများကို အမြန်ဆုံး ပြန်လည်တည်ဆောက်သွားရန်၊ ဖြိုချဖျက်ဆီးသွားရမည့်အဆောက်အအုံများကိုလည်း ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြိုချဖျက်ဆီးရန်၊ ပျက်စီးသွားခဲ့သည့် အဆောက်အအုံများအတွင်း လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်သည်။

**ဆွာချောင်းတံတား ပျက်စီးသွားမှု ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး အမြန်လမ်း ၁၆၅ မိုင် ၁ ဖာလုံ နှင့် ၁၆၅ မိုင် ၃ ဖာလုံကြားရှိ ဆွာချောင်းတံတား ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားခဲ့မှုအခြေအနေများ၊ အသွားလမ်း ပေ ၈၁၀ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ P7 ကိုဗဟိုထား၍ နှစ်လွှာ တစ်ထပ် ယာယီဘေလီတံတားပေ ၁၈၀ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ပေ ၄၀ သုံးလွှာသုံးထပ် ဘေလီငြမ်းထောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ဖြတ်သန်းသွားလာနိုင်**

အဆိုပါ ဆွာချောင်းတံတား ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့မှုများအား ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၃) တံတားအထူးအဖွဲ့ (၁၀) က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ငါးတန်အောက် ယာဉ်များသာ သွားလာနိုင်သော်လည်း မေ ၉ ရက်မှ စတင်၍ တန် ၂၀ မော်တော်ယာဉ်ကြီးများ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသေဆုံးမှုအနေဖြင့် ကနဦးစာရင်းများအရ ဘုရားစေတီ ၇၁ ဆူ၊ ဘုန်းတော်ကြီးကျောင်း ၁၈၆ ကျောင်း၊ စာသင်ကျောင်း ၉၂ ကျောင်း၊ အခြားဘာသာရေးကျောင်း ၁၅ ကျောင်း၊ ဌာနဆိုင်ရာ အဆောက်အအုံ ၂၀၀၊ အခြားအဆောက်အအုံ ၂၈၉ ခု၊ လူနေအဆောက်အအုံ ၁၇၃၆ လုံးနှင့် လမ်းတံတားအချို့ ထိခိုက်ပျက်စီးခဲ့ပြီး သေဆုံးသူ ၄၄ ဦး၊ ဒဏ်ရာရရှိသူ ၂၃၄ ဦးရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တောင်ငူနည်းပညာတက္ကသိုလ် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

ရန်ကုန်-မန္တလေးအမြန်လမ်း၊ ဆွာချောင်းတံတား(အသွားလမ်း) တံတားပေါ် P7 ကို ဗဟိုပြု၍ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတား ပေ ၁၈၀ တပ်ဆင်ခြင်းမှတ်တမ်းဓာတ်ပုံ။



ဆောင်ရွက်နေပုံ



ဆောင်ရွက်ပြီးစီးပုံ

ရန်ကုန်-မန္တလေးအမြန်လမ်း၊ ဆွာချောင်းတံတား(အသွားလမ်း) A1, P1, P3, P4, P6, P7, P8 တွင် ပေ ၄၀ သုံးလွှာ၊ သုံးထပ် ဘေလီငြမ်းထောက်ခြင်းဆောင်ရွက်ခြင်း မှတ်တမ်းဓာတ်ပုံ။



P6 ဆောင်ရွက်နေပုံ



P6 ဆောင်ရွက်ပြီးစီးပုံ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် UNHCR အနေဖြင့် မြန်မာနိုင်ငံရှိ ငလျင်ဘေးသင့် ပြည်သူများအား ကူညီပံ့ပိုးနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး သံလွင်တံတား(တာကော်) တံတားအသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၇**

ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းကို ချိတ်ဆက်ထားသည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၊ မိုင်တိုင်အမှတ် (၂၈၄/၀) ရှိ သံလွင်တံတား (တာကော်) တံတားအသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ရှိ အဆိုပါတံတား၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး သံလွင်တံတား (တာကော်) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး အသစ်တည်ဆောက်ပြီးစီးသည့် သံလွင်တံတား (တာကော်) ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးစဉ်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင် / မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာ အဖွဲ့များနှင့် ကျောင်းသား/ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက လှိုက်လှဲစွာကြိုဆိုကြသည်။

ထို့နောက် သံလွင်တံတား (တာကော်) တံတားအသစ် ဖွင့်ပွဲအခမ်းအနားအား စတင်ကျင်းပရာ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်တို့က မင်္ဂလာအချိန်တွင် သံလွင်တံတား (တာကော်) တံတားအသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် သံလွင်တံတား (တာကော်) တံတားအသစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးထံသို့ တံတားဖွင့်ပွဲအမှတ်တရ လက်ဆောင်ပစ္စည်းအား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပေးအပ်သည်။

**ဖြတ်သန်းကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်တို့ သံလွင်တံတား (တာကော်) တံတားအသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဓာတ်ပုံရိုက်ပြီး အသစ်တည်ဆောက်ပြီးစီးသည့် တံတားကို ဖြတ်သန်းကြည့်ရှု စစ်ဆေးသည်။

**အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခဲ့**

သံလွင်တံတား (တာကော်) တံတားအဟောင်းအား ၁၉၆၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ဖွင့်လှစ်အသုံးပြုခဲ့ရာ သက်တမ်း (၄၄) နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ တံတားခံနိုင်ဝန်အား လျော့နည်းကျဆင်းလာသည့်အတွက် တံတားဟောင်း၏ Up Stream ဘက် တံတား၏ ပေ ၇၀ အကွာတွင် တံတားအသစ်တစ်စင်းကို တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၂) မှ ၂၀၁၈ ခုနှစ် ဧပြီလတွင် စတင်၍ တာဝန်ယူတည်ဆောက်ခဲ့ရာ ယနေ့အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ခရီးသွားပြည်သူများနှင့် ကုန်တင်ယာဉ်ကြီးများ လွယ်ကူချောမွေ့စွာသွားလာနိုင်ပြီဖြစ်ကြောင်း။

သံလွင်တံတား (တာကော်) တံတားအသစ်သည် အပေါ်ထည်ပင်မတံတား Steel Box Girder နှင့် RCC Slab ဖြစ်ပြီး ချဉ်းကပ်တံတားမှာ PC Girder , RC Girder နှင့် RCC Slab အမျိုးအစားတို့ဖြင့် ပေါင်းစပ် တည်ဆောက်ထားကြောင်း၊ တံတားအရှည် ၁၁၅၁ ပေ၊ ယာဉ်သွားလမ်း နှစ်လမ်းသွားနှင့် တံတားအောက်ရေလမ်းကင်းလွတ် အမြင့် ၃၅ ပေ ၉ လက်မနှင့် ရေလမ်းကင်းလွတ်အကျယ်ပေ ၃၆၀ ရှိပြီး တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်း။

သံလွင်တံတား (တာကော်) တံတားအသစ်သည် အာရှလမ်းမကြီးအမှတ် (၂) (AH – 2) မိတ္ထီလာ–တောင်ကြီး – ကျိုင်းတုံ – တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် အသစ်တည်ဆောက်ပြီးစီးသည့်အတွက် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံများသို့ ပိုမိုလွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သကဲ့သို့ နယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည့် အကျိုးကျေးဇူးများလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



သံလွင်တံတား(တာကော်) ကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၇**

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ယခုကဲ့သို့ မိမိတို့နိုင်ငံတွင် ပြင်းထန်လျှင် လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများအပေါ် အိန္ဒိယနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးမှုများအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နယ်ပယ်ကဏ္ဍများအလိုက် အမြင်ချင်းဖလှယ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ဝန်ထမ်းများအား ထောက်ပံ့



**နေပြည်တော် မေ ၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ရုံးအမှတ် (၅၆)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌဦးစစ်အေး၊ ကော်မရှင်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသော ကော်မရှင်ရုံးဝန်ထမ်းများအား နေပြည်တော်ကောင်စီမှ ခွဲဝေပေးသည့် ပစ္စည်းများနှင့် အလှူရှင်အသီးသီးမှ လှူဒါန်းသည့် ဆန်၊ ကြက်ဥ၊ ဘဲဥ၊ ငါးခြောက်၊ ငါးခြောက်ကြော်၊ အာလူး၊ ခေါက်ဆွဲခြောက်၊ မုန့်မျိုးစုံ၊ ရေသန့်ဘူးများနှင့် ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းများအတွက် သကြ်န်ထောက်ပံ့ကြေးများ ပေးအပ်




**နေပြည်တော် မေ ၇**

ဥပဒေရေးရာဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအား မဟာသင်္ကြန်ကာလ အလှူဒါနကုသိုလ်ပွားများနိုင်ရန်နှင့် မိသားစုများ အေးချမ်းစွာနေထိုင်နိုင်ရန် ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်း ၅၆၅ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများ ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ယာယီရုံး ဖွင့်လှစ်ဆောင်ရွက်နေသည့်နေရာ၌ ကျင်းပသည်။

ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဝန်ကြီးရုံး၊ ဦးစီးဌာန-၁ နှင့် ၂ တို့မှ ညွှန်ကြားရေးမှူးချုပ်များအား လည်းကောင်း၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက ဦးစီးဌာန-၃ နှင့် ၄ တို့မှ ညွှန်ကြားရေးမှူးချုပ်များအားလည်းကောင်း ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဝန်ထမ်းမိသားစုများအတွက် ဆန် ခြောက်ပြည်အိတ်များ၊ ငါးခြောက်နှင့် အခြားလိုအပ်သော ဆေးဝါးများကိုလည်း ထောက်ပံ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဝန်ထမ်းမိသားစုများအနေဖြင့် စည်းစည်းလုံးလုံးဖြင့် လုပ်ငန်းများကို ဝိုင်းဝန်းကူညီရိုင်းပင်း လုပ်ဆောင်ပေးကြရန်နှင့် ငလျင်ဘေးဒဏ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ်စောင့်ရှောက် ထောက်ပံ့ပေးလျက်ရှိကြောင်း ထည့်သွင်းပြောကြားသည်။ ထို့နောက် ဥပဒေရေးရာဝန်ကြီးဌာန၏ ယာယီစခန်းတွင်းသို့ မိုးမကျမီ ဝန်ထမ်းများရောက်ရှိနေထိုင်ရေး၊ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရေးဆိုင်ရာများကို ပြောကြားပြီး ယာယီစခန်းအား လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရန်ကုန်မြို့အခြေစိုက် အိန္ဒိယသံရုံးမှ သံအမတ်ကြီး H.E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၇**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရန်ကုန်မြို့အခြေစိုက် အိန္ဒိယသံရုံးမှ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် လတ်တလောကြုံတွေ့ခဲ့ရသည့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အိန္ဒိယဘက်မှ Technical Team for Demolition အား စေလွှတ်ရေး၊ အလွယ်တကူ တပ်ဆင်အသုံးပြုနိုင်သည့် ယာယီရုံးအဆောက်အအုံ(Prefabricated office) ပံ့ပိုးပေးရေးနှင့် ဘင်းမ်စတက် (BIMSTEC) ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်မှ အကူအညီများရရှိရေးတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိများ၊ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရန်ကုန်မြို့အခြေစိုက် အိန္ဒိယသံရုံးမှ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# တရုတ် နိုင်ငံတော်လျှပ်စစ်ဓာတ်အားရင်းနှီးမြှုပ်နှံမှုအုပ်စုမှ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် အကူအညီပစ္စည်းများ လာရောက်လှူဒါန်း

နေပြည်တော် မေ ၇

တရုတ် နိုင်ငံတော်လျှပ်စစ်ဓာတ်အားရင်းနှီးမြှုပ်နှံမှုအုပ်စု (STATE POWER INVESTMENT CORPORATION–SPIC)မှ ကူမင်းမြို့ရှိ မြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှတစ်ဆင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ပေးအပ်လှူဒါန်းသော ပထမအသုတ် ကယ်ဆယ်ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန မျက်နှာစာရှိ ယာယီအဆောက်အအုံ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်၍ လက်ခံရယူသည်။

### လိုအပ်ချက်အခက်အခဲများ ပြောကြား

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့မှု၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ လျှပ်စစ်မီးနှင့် သောက်သုံးရေ အမြန်ဆုံးပြန်လည်ရရှိရေးဆောင်ရွက်နေမှု၊ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်အခက်အခဲများကို ပြောကြားသည်။

ထို့နောက် တရုတ် နိုင်ငံတော်လျှပ်စစ်ဓာတ်အားရင်းနှီးမြှုပ်နှံမှုအုပ်စု (STATE POWER INVESTMENT CORPORATION–SPIC)မှ တာဝန်ရှိသူတစ်ဦးက ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းရခြင်းနှင့် ဆက်လက်ပေးအပ်လှူဒါန်းသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် တရုတ် နိုင်ငံတော်လျှပ်စစ်ဓာတ်အားရင်းနှီးမြှုပ်နှံမှုအုပ်စု (STATE POWER INVESTMENT CORPORATION–SPIC)မှ တာဝန်ရှိသူများက ပထမအသုတ် အကူအညီပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံ ပေးအပ်လှူဒါန်းသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ် နိုင်ငံတော်လျှပ်စစ်ဓာတ်အားရင်းနှီးမြှုပ်နှံမှုအုပ်စု(SPIC)မှ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် ပေးအပ်လှူဒါန်းမှုကို လက်ခံရယူစဉ်။

ထို့အတူ တရုတ် နိုင်ငံတော်လျှပ်စစ်ဓာတ်အားရင်းနှီးမြှုပ်နှံမှုအုပ်စု(STATE POWER INVESTMENT CORPORATION–SPIC)မှ တာဝန်ရှိသူများသည် လျှပ်စစ်ဝန်ကြီးဌာနသို့လည်း အကူအညီပစ္စည်းများ သွားရောက်လှူဒါန်းကြသည်။

တရုတ် နိုင်ငံတော်လျှပ်စစ်ဓာတ်အားရင်းနှီးမြှုပ်နှံမှုအုပ်စု(STATE POWER INVESTMENT CORPORATION–SPIC)မှ ကူမင်းမြို့ရှိ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှတစ်ဆင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ယွမ် ၄ သိန်းတန်ဖိုးရှိ အရေးပေါ်စားရေရိက္ခာ၊ နေထိုင်မှုသုံးပစ္စည်းများနှင့် ပိုးသတ်ဆေးပစ္စည်းများကို ပထမအသုတ်အနေဖြင့် လာရောက်လှူဒါန်းခြင်းဖြစ်ပြီး ယွမ် ၅ သိန်းတန်ဖိုးရှိ အကူအညီပစ္စည်းများကို ဒုတိယအသုတ်အနေဖြင့်လည်းကောင်း၊ ယွမ် ၁၀ သိန်းတန်ဖိုးရှိ အကူအညီပစ္စည်းများကို တတိယအသုတ်အနေဖြင့်လည်းကောင်း ပေးအပ်လှူဒါန်းနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဝန်ထမ်းများနေထိုင်နိုင်ရေး ဝန်ထမ်းလိုင်းခန်း တည်ဆောက်မှုနှင့် ပျက်စီးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ငလျင်ဒဏ်သင့်ဝန်ထမ်းများ နေထိုင်နိုင်ရေးအတွက် ဝန်ထမ်းလိုင်းခန်းများ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးဝင်းအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းများ နေထိုင်နိုင်ရေး ဝန်ထမ်းလိုင်းခန်းများ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်း



တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ မိုးရာသီမတိုင်မီ လုံခြုံမှုရှိသည့် အမိုးအကာ အောက် ရောက်ရှိစေရေး အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စားရိပ်သာ ပြန်လည်တည်ဆောက်နိုင်ရေး မြေနေရာရှင်းလင်းခြင်းနှင့် လမ်းပြုပြင်ဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမနှင့် သမဝါယမဦးစီးဌာန အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့၏ ရုံးအဆောက်အအုံ ပျက်စီးနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေး အထူးဂရုပြုဆောင်ရွက်သွားရန်နှင့် ပြန်လည်ပြုပြင်ဆောင်ရွက်မည့်အစီအစဉ်များ တင်ပြသွားရန်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် တောင်ကြီးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ပြည်နယ်ရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေး



တောင်ကြီး မေ ၇

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်က တောင်ကြီးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိစစ်ဆေးရာ ငလျင်ဒဏ်ကြောင့် ထိခိုက်မှုမရှိကြောင်း တွေ့ရသည်။ ထို့နောက် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားကာ ထပ်ဆင့်လွှင့် စက်ရုံများ တောင်ကြီးဇုန်နယ်မှူးနှင့် ဝန်ထမ်းများ၊ ပြည်နယ်အတွင်း ဒေသအချို့မှ တွဲဖက်ထားသော ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ရုံးတွင် ပြည်နယ်မှူးနှင့် ဝန်ထမ်းများ၊ ခေတ္တတွဲဖက်ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံ ဇုန်နယ်မှူး၊ ကိုယ်ပွားသတင်းစာတိုက်တာဝန်ခံနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ ရုံးနှင့် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံများအား စစ်ဆေးပြီး လိုအပ်သည့် ပြင်ဆင်မှုများပြီးစီး၍ အန္တရာယ်ကင်းရှင်းပါက စာကြည့်တိုက်လုပ်ငန်းနှင့် ဖွင့်လှစ်ဆဲ လူငယ်ကျောင်းသား ကျောင်းသူများအတွက် သင်တန်းများ ပြန်လည်ဖွင့်လှစ်ရေး၊ မီးဘေးအန္တရာယ် ဂရုစိုက်ရေးနှင့် နိုင်ငံတော်က စီစဉ်နေသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပေးအပ်လာမည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးတို့ကို မှာကြားသည်။ ထို့နောက် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

မြန်မာစာ၊ မြန်မာစကား

# ယောက္ခမ၊ ယောက္ခမ ယောကျ်ားသူ၊ ယောက္ခမ မိန်းမသူ

*ဒေါက်တာထွန်းတင့်*

**အချုပ်ဆိုရသော် ယောက္ခမမှ မသည် ကျား/မမှ မကိုဆိုသည်မဟုတ်၊ မက်မောခင်မင်သည်ကို ညွှန်းလိုရင်းဖြစ်သည်။ စင်စစ်အားဖြင့် ယောက္ခမသည် ဒွိလိင်ဖြစ်သည်။ ပုလ္လိင်(ကျား)လည်းဖြစ်သည်။ ဣတ္ထိလိင်(မ)လည်းဖြစ်သည်။ ယောကျ်ားမိန်းမခွဲခြားခေါ်ဝေါ်ပြောဆိုလိုလျှင် "ယောကျ်ားဖြစ်သော ယောက္ခမကို ယောက္ခမယောကျ်ားသူဟူ၍ လည်းကောင်း"၊ "မိန်းမဖြစ်သော ယောက္ခမကို ယောက္ခမမိန်းမသူ" ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲ**

ယောက္ခမကို မြန်မာအဘိဓာန် (မြန်မာစာအဖွဲ့ထုတ် မြန်မာအဘိဓာန်များ) တွင် "လင် သို့မဟုတ် မယား၏ မိဘ" ဟု တိုတိုရှင်းရှင်း၊ တိတိကျကျ၊ အဓိပ္ပာယ်ဖွင့်ထားပါသည်။ အနည်းငယ်ချဲ့ထွင်၍ အဓိပ္ပာယ်ဖွင့်ရပါမူ ယောက္ခမဟူသည်ကို ခင်ပွန်းဖြစ်သူက ဇနီး၏ မိဘကို ဆွေမျိုးတော်ပုံ၊ သို့မဟုတ် ဇနီးဖြစ်သူက ခင်ပွန်း၏ မိဘကို ဆွေမျိုးတော်စပ်ပုံ"ဟူ၍ ဖွင့်ဆိုရပါမည်။ သားမက်နှင့် ယောက္ခမ၊ ချွေးမနှင့် ယောက္ခမဖြစ်ပါသည်။

ဤသည်ကား ယောက္ခမဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ဖြစ်သည်။ ထို့ထက် တက်၍ ယောက္ခမ၏ အနက်ကိုသိရန်လိုပေသေးသည်။ အနက်ဆိုသည်မှာ အဓိပ္ပာယ်နှင့်မတူပါ။ အနက်သည် ဝေါဟာရ၏ မူလသဘော၊ မူလအရှိဖြစ်သည်။ အဓိပ္ပာယ်မှာ ထိုအနက်ကိုအခြေပြု၍သိနားလည်ရသောသဘောဖြစ်သည်။

ယောက္ခမဟူသော ဝေါဟာရတွင် 'ယောက်'၏ အနက်ကို ဦးစွာဆင်ခြင်စဉ်းစားကြပါမည်။ ယောက်၏ အနက်ကို ဆင်ခြင်သောအခါ 'ယောက်'နှင့် လက်ခုပ်လက်ဝါး သုံးနှုန်းသော၊ တစ်ခါတစ်ရံအနက်တူအဖြစ် ဖလှယ်၍ပင် သုံးသော၊ များသောအားဖြင့် အနက်ဆက်နွှယ်သော 'ရောက်'ဟူသော ဝေါဟာရ၊ 'လျောက်'ဟူသော ဝေါဟာရတို့၏ အနက်များနှင့် ဆက်စပ်ညှိနှိုင်းဆင်ခြင်ရန် လိုအပ်ပေသည်။

'ယောက်'သည် 'ရောက်'၊ 'လျောက်'တို့နှင့် အနက်တူညီနောင်ဝေါဟာရဖြစ်သည် ဟူသည့် အချက်ကို ဦးစွာသိထားရန် လိုအပ်ပါသည်။ 'ယောက်'၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် ကြိယာအဖြစ်-၁ (ရက်ဖောက်တွင်) ချည်ရစ်သွင်းသည်။ ၂ (အဝတ်ကိုလည်၌) ရစ်သိုင်းသည်။ ဟူ၍ နှစ်ချက်ဖွင့်ထားပါသည်။ အဖွင့်နှစ်ခု၏ အဓိက အနက်မှာ 'ရစ်' ဖြစ်ပါသည်။ 'ရစ်' ကို အစ်=အောက် ဥပဒေသအရဆိုသော် အစ်နှင့်အောက်၊ 'ရစ်' နှင့် 'ရောက်'လည်း ဖြစ်နိုင်သည်ကို သတိမူရပါမည်။ ထိုသို့ဖြစ်လျှင် ချည်ရစ်သည် ချည်ရောက်သည်၊ ပုဆိုးလည်ရစ်သည် ပုဆိုးလည်ရောက်ဟူ၍လည်း မဖြစ်နိုင်ပေဘူးလားဟု စဉ်းစားနိုင်ပါသေးသည်။ ဤအခါမျိုးတွင် ယပက်လက်၏ ဂုဏ်သတ္တိ၊ ရကောက်၏ ဂုဏ်သတ္တိတို့ကို နှိုင်းချင့်၍ စိစစ်ဆုံးဖြတ်ရပါသည်။

ဤတွင် ရကောက် 'ရစ်' ၏ အနက်ကို စိစစ်ကြပါဦးမည်။ 'ရစ်' ကို မြန်မာအဘိဓာန်တွင် ကြိယာအဖြစ် " ၁၊ ပတ်လည်လှည့်သည်။ ခွေပတ်သည်။ ၂၊ တဝဲလည်လည်ပြုသည်။ ၃၊ ပတ်လည်အရေးအကြောင်း ထင်အောင်လုပ်သည်"ဟု အဓိပ္ပာယ်ဖွင့်ပြထားပါသည်။ "လည်၊ ပတ်၊ လှည့်ပတ်၊ ခွေပတ်" ဟူသော အနက်ဖြစ်သည်။ ယပက်လက် 'ယစ်'လည်း 'မူးယစ်စည်းစိမ်ယစ်၊ အာဏာယစ်' စသော အသုံးများအရ 'လည်၊ လည်ပတ်၊ လှည့်ပတ်၊ ခွေပတ်' ဟူသော အနက်ပင်ဖြစ်ကြောင်း ပေါ်လွင်ပါသည်။ ယပက်လက်ယစ်နှင့် ရကောက်ရစ်တို့သည် အခြေခံအနက်တူကြသော်လည်း ယပက်လက်ယစ်သည် အတည်အတံ့ "ခွေပတ်" သည့် အနက်ဖြစ်၍ ရကောက်ရစ်သည် အခိုက်အတန့် "ခွေပတ်"သည့် အနက်ဖြစ်သည်ဟု ဆိုရပါမည်။ ယပက်လက်ယစ်သည်ကို မမြင်ရ၊ ထိတွေ့ရမရ၊ ခံစားရုံမျှဖြစ်၍ ရကောက်ရစ်သည်ကို မြင်ရ၊ ထိတွေ့ရ၊ လုပ်ဆောင်၍ ရပါသည်။ ဤအချက်မှာ ယပက်လက်နှင့်ရကောက်တို့၏ မူလအနက်သဘောကို မူတည်၍ ဖွင့်ဆိုသော်လည်း လက်တွေ့တွင်မူ အသုံးတွင်ရာကို လိုက်၍ ရေးမှတ်သုံးနှုန်းကြသည်ကိုမြင်တွေ့နေကြရပါသည်။

မည်သို့ပင်ဆိုစေ ယပက်လက်'ယောက်'သည် ခွေပတ်၊ ရစ်ပတ်၊ ပတ်သက်၊ ဆက်စပ်၊ ဆက်နွှယ်သည့် သဘောကား ထင်ရှားပါသည်။ ယပက်လက်ယစ်နှင့် ယပက်လက်ယောက်တို့ အနက်တူသည်မှာလည်း အထင်အရှားပင်ဖြစ်ပါသည်။ ယပက်လက်ယစ်နှင့် ယပက်လက် 'ယောက်' အနက်ဟူသည်ကို အစ်နှင့်အောက်တူသည့် သာဓကများနှင့် ညှိနှိုင်းသိရှိနိုင်ပါသည်။ သာဓကများမှာ ခရီးတစ်ထစ်နှင့် ခရီးတစ်ထောက်၊ အနည်အနစ်နှင့် အနည်အနောက်၊ ဦးနှစ်နှင့် ဦးနှောက်၊ ခဲနှင့်ပစ်နှင့် ခဲနှင့်ပေါက်၊ လက်ဖျစ်တီးနှင့် လက်ဖျောက်တီး၊ တောင်မြစ်နှင့် တောင်မြောက်၊ မိုးသစ်နှင့် မိုးသောက်၊ အော်ဟစ်နှင့် ဟိန်းဟောက် စသည်တို့ဖြစ်ပါသည်။ ထို့ကြောင့် ယောက်၏အနက် ဆက်စပ်၊ ပတ်သက်၊ နီးနွှယ်၊ တော်စပ် စသည်ဖွင့်နိုင်ပါသည်။

ဤသို့ဆိုလျှင် ယောက်ဖသည် အမျိုးသားက မိမိဇနီး၏ အစ်ကို သို့မဟုတ် မောင်၊ မိမိအစ်မ၏ ခင်ပွန်း သို့မဟုတ် မိမိနှမ၏ အစ်ကို သို့မဟုတ် မောင်တို့နှင့် မိမိပတ်သက်၊ ဆက်နွှယ်၊ တော်စပ်သူများဖြစ်သည်မှာ ထင်ရှားပါသည်။ ဆက်၍ ဆိုရပါလျှင် "လင်၊ သို့မဟုတ် မယား၏ မိဘ" ဟု အဓိပ္ပာယ်ဖွင့်ထားသော "ယောက္ခမ" ဆိုသည်မှာ မယားက လင်နှင့် ပတ်သက်၊ ဆက်နွှယ်၊ တော်စပ်သူ၊ လင်က မယားနှင့် ပတ်သက်၊ ဆက်နွှယ်၊ တော်စပ်သူဖြစ်သည်ဟု ဆိုရပါမည်။ ဤတွင် ယောက်ဖနှင့် ယောက်မတို့မှ 'ယောက်'သည် ပတ်သက်၊ဆက်နွှယ်၊ တော်စပ်ဟု သိရပြီး 'ဖ' သည် အဖို၊ ယောကျ်ား၊ 'မ' သည်အစ်မ၊ မိန်းမဖြစ်သည်ကို သိရန်မှာ အထူးရှင်းပြရန် မလိုတော့ပါ။

ရှင်းပြရန် လိုနေသေးသည်မှာ 'ခမ'၏အနက်နှင့် အဓိပ္ပာယ်ဖြစ်ပါသည်။ ခမဟူသော စကားလုံးနှစ်လုံးတွင် 'ခ' ၏အနက်လည်း ဆက်စပ်၊ ဆက်နွှယ်၊ ပတ်သက်၊ တော်စပ်၊ 'မ'၏အနက်လည်း ဆက်စပ်၊ ဆက်နွှယ်၊ ပတ်သက်၊ တော်စပ် ပင်ဖြစ်သည်။ 'ခ'၏ အနက်ကို ထီးတော်မြေခ၊ မြားခ၊ လခ၊ လက်ခ၊ လုပ်ခ၊ အဖိုးအခ၊ ခစား၊ ခယ၊ ခယမ်းစသည်တို့မှ 'ခ'၏ အနက်ကို ဖော်ထုတ်၍ သိသာပါသည်။ 'မ'၏ အနက်ကိုလည်း ချီမ၊ ထောက်မ၊ ပင့်မ၊ မြှောက်မ၊ ကူမ၊ ကယ်မ၊ စောင်မ၊ မစ စသည်တို့မှ မ၏အနက်ကို ဖော်ထုတ်၍ သိသာပါသည်။ 'ခ' ၏အနက်ကို ခက်၊ ခင်တို့၏အနက်၊ 'မ'၏အနက်ကို မက်၊ မင်တို့၏ အနက်များနှင့်လည်း ဆက်စပ်ချိန်ဆဆင်ခြင်နိုင်ပါသေးသည်။

ထိုအခါ ယောက္ခမဟူသည် မယားက လင်နှင့် ပတ်သက်၊ ဆက်နွှယ်၊ တော်စပ်သူ၊ လင်က မယားနှင့် ပတ်သက်၊ ဆက်နွှယ်၊ တော်စပ်သူ သာမန်မျှ မဟုတ်တော့ဘဲ ခင်ခင်မင်မင်၊ တပ်တပ်မက်မက် တော်စပ်သူဟူ၍ ဆိုရပါတော့သည်။

ဤတွင် အချုပ်ဆိုရသော် ယောက္ခမမှ မသည် ကျား/မမှ မကိုဆိုသည်မဟုတ်၊ မက်မောခင်မင်သည်ကို ညွှန်းလိုရင်းဖြစ်သည်။ စင်စစ်အားဖြင့် ယောက္ခမသည် ဒွိလိင်ဖြစ်သည်။ ပုလ္လိင်(ကျား) လည်းဖြစ်သည်။ ဣတ္ထိလိင်(မ)လည်းဖြစ်သည်။ ယောကျ်ားမိန်းမခွဲခြားခေါ်ဝေါ်ပြောဆိုလိုလျှင် "ယောကျ်ားဖြစ်သော ယောက္ခမကို ယောက္ခမယောကျ်ားသူဟူ၍ လည်းကောင်း"၊ "မိန်းမဖြစ်သော ယောက္ခမကို ယောက္ခမ မိန်းမသူ" ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲကြရပါသည်။

ဆရာယုဒသန် (A. Judson) သည် အင်္ဂလိပ်-မြန်မာအဘိဓာန် (၁၈၄၉) နှင့် မြန်မာ-အင်္ဂလိပ် အဘိဓာန် (၁၈၅၃) တို့ကို ပြုစုထုတ်ဝေခဲ့ပါသည်။ (မြန်မာ-အင်္ဂလိပ် အဘိဓာန်ကို ၁၈၄၉ ခုနှစ်ကပင် ပြုစုပြီးခဲ့သော်လည်း ဆရာယုဒသန် ကွယ်လွန်ခဲ့သဖြင့် ကွယ်လွန်ပြီး လေးနှစ်အကြာ ၁၈၅၃ ခုနှစ်တွင်မှ ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။) မြန်မာ-အင်္ဂလိပ် အဘိဓာန်တွင် -

ယောက်ဖကို - n, a wife's brother ; a man's sister's husband ဟူ၍ လည်းကောင်း၊

ယောက်မကို - n, a husband's sister; a woman's brother's wife ဟူ၍ လည်းကောင်း၊

ယောက္ခမကို - n, a father -in-law, or mother-in- law ဟူ၍ လည်းကောင်း၊

ယောက္ခမ မိန်းမသူကို - n, a mother - in -law ဟူ၍ လည်းကောင်း၊

ယောက္ခမ ယောကျ်ားသူကို - n, a father -in -law ဟူ၍ လည်းကောင်း အသီးသီးပြန်ဆိုထားပါသည်။

အင်္ဂလိပ်-မြန်မာ အဘိဓာန်တွင်လည်း အပြန်အလှန်အားဖြင့် အလားတူပင် -

Brother-in-Law ကို -ယောက်ဖ(မအနေဖြင့် ခဲအို၊ ခယ်မ)

Sister-in-Law ကို ယောက်မ (ကျားအနေဖြင့် မရီး၊ ခယ်မ)

Father-in-Law ကို ယောက္ခမယောကျ်ားသူ

mother- in -Law ကို ယောက္ခမမိန်းမသူဟူ၍ မြန်မာခလေ့၊ မြန်မာထုံးစံနှင့်အညီ ပြန်ဆိုထားပါသည်။ ။

## ငဖဲမြို့နယ်၌ နွေရာသီကွန်ပျူတာသင်တန်းအခမဲ့ဖွင့်လှစ်



**ငဖဲ ဧပြီ ၇**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဇီးတောကျေးရွာ၌ နွေရာသီ ကျောင်းပိတ်ရက်များတွင် ဖွင့်လှစ်သင်ကြားသော ကိုးကြိမ်မြောက် ပျိုးဥယျာဉ် နွေရာသီကွန်ပျူတာ သင်တန်းကို ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၅ ဦးတို့ကို နည်းပြဆရာတော် ဦးနန္ဒမာလာ (သင်တန်းတာဝန်ခံ) က ကွန်ပျူတာ နည်းပညာဘာသာရပ်များကို သင်ကြားပို့ချပေးသည်။ ပျိုးဥယျာဉ် နွေရာသီ ကွန်ပျူတာ ပညာဒါန သင်တန်းကို ၂၀၁၄ ခုနှစ်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုနှစ်တွင် ကိုးကြိမ်မြောက်ရှိပြီဖြစ်ပြီး ကွန်ပျူတာနည်းပညာများ တတ်မြောက်ရန်နှင့် အလုပ်အကိုင်ရရှိရေး အထောက်အကူပြုစေရန်အတွက် ပညာဒါနအဖြစ် ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်း ဆရာတော်ဦးနန္ဒမာလာက မိန့်ကြားသည်။ **မယု(ငဖဲ)**

## ပင်းတယမြို့၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ပင်းတယ ဧပြီ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး(ပင်းတယ) လူထုအခြေပြုဗဟိုဌာနခန်းမ၌ နွေရာသီကျောင်းပိတ်ရက် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲကျင်းပပေးရခြင်းနှင့်ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ပင်းတယ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူလှိုင်က ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများက အင်္ဂလိပ်စာစွမ်းရည်ယှဉ်ပြိုင်ကြသည်။ အဆိုပါပြိုင်ပွဲတွင် ဆုရရှိသူများအား အလယ်တန်းအဆင့် နွေရာသီအင်္ဂလိပ်စာသင်တန်းဆင်းပွဲတွင် ဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ကိုဦး(ပြန်/ဆက်)**

# ပြင်းထန်ငလျင်ဒဏ်ခံခဲ့ရသည့် ဆင်သေရေလွှဲဆည်နှင့် ရေသောက်စနစ် ပြုပြင်မွမ်းမံ

**နေပြည်တော် မေ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများသည် မေ ၇ ရက် ညနေပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေရေလွှဲဆည် ရေသောက်စနစ်ရှိ လက်ဝဲမြောင်းမကြီးနှင့် လက်ယာမြောင်းမကြီးများသို့ရောက်ရှိကြပြီး ပြင်းထန်ငလျင်ဒဏ်ကြောင့် ရေပေးမြောင်းမကြီးတစ်လျှောက်နှင့် လက်တံမြောင်းများ၏ ကျောက်နံရံများ ပြိုကျပျက်စီးခဲ့မှုအား ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနက တာဝန်ယူ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြင်းထန်ငလျင်ဒဏ်ကြောင့် ကျိုးပေါက်ပျက်စီးခဲ့သည့် ဆင်သေရေလွှဲဆည်အား ယာယီမြေသားတမံပိတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလ အချိန်မီပြီးစီးရေး၊ ရေလေလွင့် ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် လုပ်ငန်းများ အပိုင်းလိုက် စနစ်တကျဆောင်ရွက်ပြီး လျာထားချက်အတိုင်း စိုက်ပျိုးရေ အချိန်မီပေးဝေနိုင်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆင်သေရေလွှဲဆည် လက်ဝဲမြောင်းမကြီး ရေသောက်စနစ်၌ နွေသီးနှံ ဧက ၅၅၀၀ ကျော်နှင့် လက်ယာ မြောင်းမကြီး ရေသောက်စနစ်၌ နွေသီးနှံ ဧက ၃၀၀၀ ခန့် စုစုပေါင်း နွေစပါးနှင့် နွေသီးနှံ ဧက ၈၅၀၀ ခန့်ကို စိုက်ပျိုးထားရှိရာ အဆိုပါစိုက်ဧရိယာအား စိုက်ပျိုးရေပေးဝေခြင်းကို မေ ၁၀ ရက်မှစ၍ ပြန်လည်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းများ ထိရောက်လျင်မြန်စေရန် လက်ဝဲ လက်ယာမြောင်းမကြီးများကို ဦးစားပေးပြုပြင်လျက်ရှိပြီး လက်တံမြောင်းများကို အပိုင်းလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်တံမြောင်း အချိန်မီပြင်ဆင်နိုင်မှုမရှိသည့် နေရာများတွင် နေရောင်ခြည်စွမ်းအင်သုံး ရွှေ့လျားဆိုလာပန့် ခြောက်စုံဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း



ပြင်းထန်သော ငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် ရန်အောင်မြင်ကုန်းကျောတမံ၏ ကန်ရေပြည့်မှတ် (Full Tank Level) အထက်တွင် တမံ၏အထက်ပိုင်းနှင့် တမံ၏အောက်ပိုင်း ထိခိုက်ပျက်စီးနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရန်အောင်မြင်ကုန်းကျောတမံ အမှတ်(၃)၏ ကန်ရေပြည့်မှတ် (Full Tank Level) အထက်တွင် ထိခိုက်ပျက်စီးမှုများရှိသော်လည်း စိုးရိမ်ဖွယ်အခြေအနေတွင်မရှိကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် အပိုင်းအား ဖယ်ရှားရှင်းလင်းပြီး တမံဖို့ရန် သင့်တော်သောမြေ (Selected Soil) ဖြင့် မြေသားပြန်လည်ဖို့ရမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၏ ဝန်ထမ်းများအတွက် နေရာချထားမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ဦးဆောင်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၏ ရုံးအဆောက်အအုံများ၊ ယာယီတဲ တည်ဆောက်နေမှုများ၊ ဝန်ထမ်းများအတွက် နေရာချထားမှုနှင့် အသုံးအဆောင်ပစ္စည်းများ၊ အစားအသောက်များ ဖြန့်ဝေပေးခြင်းများနှင့် လှူဒါန်းမှုများအား စနစ်တကျ လက်ခံခြင်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရုံးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဘဏ်လုပ်ငန်းစနစ်များအား Electronic Payment စနစ်များဖြင့်လည်းကောင်း၊ နိုင်ငံခြားသုံးငွေကိစ္စများအား FX Platform များဖြင့်လည်းကောင်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျ မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်အပါအဝင် ငလျင်ဘေးဒဏ်သင့် သိပ္ပံနှင့်နည်းပညာကျောင်းများ၌ ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား နှစ်သိမ့်အားပေးထောက်ပံ့

**နေပြည်တော် မေ ၇**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ယနေ့တွင် မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်အပါအဝင် ငလျင်ဘေးဒဏ်သင့် သိပ္ပံနှင့် နည်းပညာကျောင်းများ၌ ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်သိမ့်အားပေးထောက်ပံ့ကာ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများအား အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများမှ အန္တရာယ်ကင်းရှင်းစွာ နေထိုင်ကြရန်၊ သန့်ရှင်းရေးနှင့် ကျန်းမာရေးကိစ္စများကို အထူးဂရုပြုဆောင်ရွက်ကြရန် ရှောင်လွှဲ၍မရသော သဘာဝဘေးဖြစ်ရာ ပျက်စီးဆုံးရှုံးမှုများအတွက် စိတ်သောကဖြစ်မနေဘဲ ပြန်လည်ထူထောင်ရေး စိတ်ခွန်အားများဖြင့် ကျောင်းဖွင့်ချိန်အမီ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အားနည်းချက်များမရှိစေဘဲ သတ်မှတ်စံနှုန်းများနှင့်အညီ ထိရောက်စွာ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရန်၊ ရေရှည်အတွက် မျှော်မှန်းကာ မြေငလျင်နှင့် သဘာဝဘေးဒဏ်များကို တတ်နိုင်သလောက် ကြံ့ကြံ့ခံနိုင်ပြီး ပျက်စီးဆုံးရှုံးမှု နည်းပါးစေကာ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိနိုင်မည့် အဆောက်အအုံဒီဇိုင်းနှင့် ခေတ်မီနည်းပညာများကို အသုံးချ တည်ဆောက်နိုင်ရေး အားလုံးပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ရောက်ရှိပြီး ယာယီရုံးခန်းများ ဖွင့်လှစ်ထားရှိသော ဘုရင့်နောင်ဆောင်တွင် Level-1 Rapid Evaluation Safety Assessment Form)ဖြင့် စစ်ဆေးမှုဆိုင်ရာ နည်းပညာအချက်လက်များကို တာဝန်ရှိသူများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ပင်မဆောင်သို့ ရောက်ရှိပြီး ငလျင်ဘေးဒဏ်သင့် လေကြောင်းနှင့် အာကာသပညာပြခန်းမှ Aerospace Research Laboratory သို့ ခေတ္တရွှေ့ပြောင်းထားသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ လူထုအခြေပြု ပရဟိတရန်ပုံငွေ “ယဉ်ကျေးဖလှယ် စုပေါင်းညီညာ၊ ဤကမ္ဘာ” အစီအစဉ်ဖြင့် လှူဒါန်းထားသည့် ကမ္ဘာ့ပထမဆုံး အာကာသယာဉ်မှူး ယူရီဂါဂါရင် အထိမ်းအမှတ်ရုပ်တုနှင့် ပြခန်းရှိပစ္စည်းများကို ရွှေ့ပြောင်းထိန်းသိမ်းထားရှိမှုအခြေအနေများ၊ ပင်မဆောင်ရှိ စာသင်ခန်းများ၊ ကွန်ပျူတာခန်း၊ လက်တွေ့ခန်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသားအိပ်ဆောင်များတွင် သာမန်အဆင့် ထိခိုက်ပျက်စီးမှုနှင့် ပြုပြင်ထိန်းသိမ်းရန်လိုအပ်မှုအခြေအနေများ၊ ပြိုကျပျက်စီးမှုနှင့် အကြီးစားပြုပြင်ရန် လိုအပ်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်စားသောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နှစ်သိမ့်အားပေးကာ လက်ဝယ်အရောက် ဆန်များ၊ ရေသန့်များ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ) တို့သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် နည်းပညာတက္ကသိုလ် (မိတ္ထီလာ) နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မိတ္ထီလာ) တို့သို့လည်းကောင်း သွားရောက်ပြီး ငလျင်ဘေးဒဏ်ကြောင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဖွင့်လကျောင်းဖွင့်ချိန်တွင် ကျောင်းလုပ်ငန်းများ အဆင်ပြေပြေ ဆောင်ရွက်နိုင်အောင် အချိန်မီ ပြန်လည် ပြုပြင်နိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နှစ်သိမ့်အားပေးပြီး ယာယီနေထိုင်စားသောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ၎င်းတို့၏ လက်ဝယ်အရောက် ဆန်များ၊ ရေသန့်များ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **သတင်းစဉ်**



# ကရင်စာပေသင်တိုင်းရင်းသားဘာသာပြ ဆရာ ဆရာမ ၂၇၇ ဦး ကရင်စာပေမွမ်းမံသင်တန်းဆင်း



**ဘားအံ မေ ၇**

ကရင်စာပေနှင့် ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေး အသင်းက ကြီးမှူးဖွင့်လှစ်သော ကရင်စာပေမွမ်းမံ သင်တန်းဆင်းပွဲကို မေ ၇ ရက်က ဘားအံမြို့ ကရင်ကျောင်းသားများရိပ်သာ အပေါ်ဆုံးထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကရင်စာပေသင် တိုင်းရင်းသားဘာသာပြဆရာ ဆရာမ ၂၇၇ ဦး သင်တန်းဆင်းခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သင်တန်းဆင်းဆရာ ဆရာမများ သည် တိုးတက်ပြောင်းလဲလာသည့် ပညာရေးကို မျက်ခြည်ပြတ်မခံဘဲ မိမိတို့စကား၊ စာပေ၊ ယဉ်ကျေးမှု ရေရှည်တည်တံ့ရေးအတွက် ကြိုးပမ်းဆောင်ရွက် စေလိုကြောင်း ပြောကြားပြီး သင်တန်းအတွက် ငွေကျပ် သိန်း၂၀၀ ကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းဥက္ကဋ္ဌ၏ အမှာစကားကို ဆရာတစ်ဦးက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် နှင့်အဖွဲ့ဝင်များက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိမြို့နယ်များမှ ကရင်စာပေသင်တိုင်းရင်းသား ဘာသာပြ ဆရာ ဆရာမများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို မတ် ၃၁ ရက်မှ မေ ၇ ရက် အထိ ပို့ချခဲ့ရာ ကရင်စာပေသင်တိုင်းရင်းသားဘာသာ ပြ ဆရာ ဆရာမ ၂၇၇ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသည့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ပြီးစီး

**ညောင်ရွှေ မေ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ မတ် ၂၈ ရက်က လှုပ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် အင်းလေးဒေသရှိကျေးရွာများ၌ လျှပ်စစ်မီးတိုင်များ ပြိုလဲခြင်း၊ ထရန်စဖော်မာများ ပျက်စီးခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်မှုများကို ပြန်လည်ပြုပြင်ပြီး မေ ၆ ရက် ည ၇ နာရီမှစ၍ လျှပ်စစ်ဓာတ်အား ပြန်လည် ဖြန့်ဖြူးပေးနေပြီ ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လျှပ်စစ်မီးများ အမြန်ဆုံး ပြန်လည် ရရှိစေရေးအတွက် အင်းလေးဒေသ ပြန်လည် ထူထောင်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဇော်မင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်တို့ ဦးဆောင်၍ အင်းလေးဒေသ ကေလာကျေးရွာ၊ ဇရပ်ကြီးကျေးရွာနှင့် ကြာတောကျေးရွာ



တို့တွင် လျှပ်စစ်မီးအမြန်ဆုံး ပြန်လည်ရရှိရေးအတွက် စီမံဆောင်ရွက်မှုကြောင့် မေ ၆ ရက်က ကေလာကျေးရွာ ကွပ်ကဲရေးစခန်းနှင့် ယာယီဆေးရုံ၊ ဘုန်းကြီးကျောင်း၊ ကယ်ဆယ်ရေးစခန်းများသို့ လျှပ်စစ်မီး ပြန်လည်ပေးနိုင်ခဲ့ပြီး ကျန်ကျေးရွာများသို့လည်း လျှပ်စစ်မီး အမြန်ဆုံးရရှိစေရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မတ် ၂၈ ရက်က လှုပ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်းရှိ ကျေးရွာအုပ်စု ၁၇ အုပ်စု၊ အိမ်ခြေပေါင်း ၂၂၉၇ လုံး ပျက်စီးခဲ့ပြီး တစ်စိတ်တစ်ပိုင်း ပျက်စီးအိမ်ခြေ ၅၉၅ လုံးနှင့် လူဦးရေ စုစုပေါင်း ၁၃၃၈၃ ဦး ငလျင်ဘေးသင့်ခဲ့သည်။

ထို့အတူ ညောင်ရွှေမြို့နယ်၌ ငလျင်ဒဏ်ကြောင့် အမျိုးသား ၂၀ နှင့် အမျိုးသမီး ၃၀ စုစုပေါင်း လူဦးရေ ၅၀ သေဆုံးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မအူပင်မြို့၌ မီးဘေးအန္တရာယ်လုံခြုံရေးစစ်ဆေး

**မအူပင် မေ ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မီးဘေးအန္တရာယ်လုံခြုံရေး အတွက် မြို့ရှောင်လမ်းဘေးရှိ Tiger စက်သုံးဆီအရောင်းဆိုင်သို့ ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဋ္ဌေးနှင့်တပ်ဖွဲ့ဝင် များက ကွင်းဆင်းစစ်ဆေးရာ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် ဆောင်ရွက်ထားရမည့် လုပ်ငန်းများ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ် လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား ပြီး မီးသတ်ဆေးဘူး၊ မီးငြိမ်းသတ်စက်နှင့် မီးငြိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန်မှု ရှိ မရှိကို စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



# ကျောင်းကုန်းမြို့၌ စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေး

**ကျောင်းကုန်း မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကံကလေးကျေးရွာ ပုသိမ်-မုံရွာ ကားလမ်းဘေးရှိ မြတ်မေတ္တာမွန် စက်သုံးဆီဆိုင် မီးဘေး လုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းနှင့် သန္ဓေတပ်ဖွဲ့ဝင် များက မီးသတ်ဆေးဘူးများ စနစ်တကျထားရှိမှု၊ မီးသတ်ဆေးရည် များ ဖြည့်တင်းထားရှိမှုတို့ကို မေ ၇ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# မြန်မာ-တရုတ် ကျဲ့ကျန်းကုန်သည်ကြီးများအသင်းက ရမည်းသင်းခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအား စားသောက်ကုန်များ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၇**

မြန်မာ-တရုတ် ကျဲ့ကျန်းကုန်သည် ကြီးများအသင်းက မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းခရိုင် အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူ များအား စားသောက်ကုန်များ ပေးအပ်လှူဒါန်းပွဲကို ရမည်းသင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သင်းရတနာခန်းမ၌ မေ ၆ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့် က လှူဒါန်းမှုအတွက် ကျေးဇူးတင် စကားပြောကြားပြီး မြန်မာ- တရုတ် ကျဲ့ကျန်းကုန်သည်ကြီး များအသင်းဥက္ကဋ္ဌ မစ္စတာ ထူးကိုတင့်(Mr.Tu Guoding)က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ- တရုတ် ကျဲ့ကျန်း ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ က ငလျင်ဘေးသင့်ပြည်သူများ အတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူ များက လက်ခံယူသည်။

ထိုသို့ လှူဒါန်းရာတွင် ရမည်းသင်းခရိုင်အတွင်းရှိ ငလျင် ဘေးသင့်အိမ်ထောင်စု ၁၀၀၀ တို့ အား အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ သား၊ ခေါက်ဆွဲခြောက်တစ်ဖာ၊ ရေသန့် တစ်လီတာ တစ်ကတ်၊ ကျား/မ ဝတ် အင်္ကျီ ၁၀ ထည်၊ နှာခေါင်း စည်း ၁၀ ခု (စုစုပေါင်းတန်ဖိုး ငွေကျပ် ၉၂၀၀၀)ကို ပေးအပ် လှူဒါန်းသည်။ ထို့ပြင် ပိုးသတ် ဆေးဖျန်းပုံး ၁၀ ပုံးကိုလည်း လှူဒါန်းခဲ့ကြောင်း၊ ယနေ့လှူဒါန်း မှုမှာ စုစုပေါင်း တန်ဖိုး ငွေကျပ် ၉၂၈၀၀၀၀၀ ကို လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ၂၂၂



❖ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသည်ကို လေ့လာထားပါ။

❖ ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ငလျင်ဘေးသင့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေရာချထားနိုင်ရေးနှင့် ရုံးအဆောက်အအုံပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့် ဝန်ထမ်းအိမ်ရာအဆောင်များနှင့် တိုက်ခန်းများတွင် ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ပြင်ဆင်၍ နေရာချထားနိုင်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အဆောက်အအုံများ၏ ထိခိုက်ပျက်စီးမှုအခြေအနေကို ဝန်ကြီးဌာနရှိ ကျွမ်းကျင်ပညာရှင် နည်းပညာစိစစ်ရေးအဖွဲ့ဖြင့် စစ်ဆေး၍ ခိုင်ခံ့မှုအခြေအနေအား အဖြူရောင်၊ လိမ္မော်ရောင်နှင့် အနီရောင်အဆင့် သတ်မှတ်ခဲ့ပြီး အဖြူရောင်အဆင့် အဆောက်အအုံများတွင် ပြန်လည်နေရာချထားနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ အဖြူရောင်အဆင့်အဖြစ် သတ်မှတ်ထားသော အဆောက်အအုံများအနက်မှ ဇမ္ဗူသီရိမြို့နယ်ရှိ သပြေ(၁)၊ အဆောင်(၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၁၉) နှင့် ပိတောက်အိမ်ရာ တိုက်အမှတ် (၇၂၃)တို့သို့ သွားရောက်ပြီး အဆောင်/တိုက်ခန်းများ၏ ကြံ့ခိုင်မှုနှင့် ခိုင်ခံ့မှုအခြေအနေများကို အဆောင်/တိုက်ခန်း တစ်ခုချင်းစီအလိုက် အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည့် ပြင်ဆင်မှုများကို အမြန်ပြုပြင် ပြင်ဆင်၍ ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ်ရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့သည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရုံးအဆောက်အအုံပျက်စီးခဲ့မှုများ ပြန်လည်ပြုပြင် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ်ရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့သည့် နေပြည်တော်ပင်မဓာတ်အားခွဲရုံ(၂)သို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံအဆောက်အအုံအတွင်း ပျက်စီးခဲ့မှု၊ Switch Yard အတွင်း ပျက်စီးခဲ့မှုနှင့် ဓာတ်အားပြန်လည် ပို့လွှတ်ပေးနေမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေး၍ ပျက်စီးမှုများကို အမြန်ပြုပြင် ပြင်ဆင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ဓာတ်အားခွဲရုံအတွင်းရှိ ဝန်ထမ်းအိမ်ရာများအား ကြည့်ရှု၍ အခန်းလွတ်များတွင် ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အမြန်နေရာချထားနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ရေမီးပြည့်စုံစွာဖြင့် အဆင်ပြေစွာနေထိုင်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား မှာကြားပြီး ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား နေရာချထားမှု၊ နေထိုင်စားသောက်မှုတို့ကို ကြည့်ရှု၍ အားပေးစကား ပြောကြားပြီး မိမိတို့နေထိုင်ရာ အဆောက်အအုံအတွင်း/အပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်သွားရန် မှာကြားပြီး သောက်ရေသန့်များနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ပြင်းထန်ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့် အတူ ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု ခေတ်အေးကျေးရွာနှင့် မရင်းကြီးကျေးရွာတို့မှ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် ပြင်းထန်ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွေ့လျားရေသန့်စင်ကားဖြင့် အထိုင်ချပြီး သောက်သုံးရေ ဖြန့်ဝေပေးနေမှုကိုလည်းကောင်း၊ ကျေးရွာအတွင်းရှိ စာသင်ကျောင်းနှင့် လူနေအိမ်များ၏ ထိခိုက်ပျက်စီးမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့အုပ်စု ညောင်ကုန်းကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွေ့လျားရေသန့်စင်ကားဖြင့် အထိုင်ချပြီး သောက်သုံးရေ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် တိုက်အမှတ် (၆၀၅) နှင့် (၂၀၁)သို့ သွားရောက်၍ ဝန်ကြီးဌာနရှိ အင်ဂျင်နီယာများက ငလျင်ဒဏ်သင့် အဆောက်အအုံများကို ကနဦး ဆန်းစစ်ချက်အနေဖြင့် Horizontal Alignment၊ Vertical Alignment၊ Structural Member အချို့နှင့် Non-Structure များ၏ ကြံ့ခိုင်မှု အခြေအနေတိုင်းတာစစ်ဆေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းသို့ အကြိုစစ်ဆေးခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာများနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာများက အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်မှ ယနေ့အထိ ရုံးအမှတ်(၁၆)၊ ရုံးအမှတ်(၃၆-B)၊ ရုံးအမှတ် (၁၁-B)အပါအဝင် ရုံးအဆောက်အအုံရှစ်လုံးကို လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာ ၆၅ လုံးအနက် ၁၄ လုံးကိုလည်းကောင်း အကြိုစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် တောင်ငူမြို့ရှိ ငလျင်ဘေးသင့်ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် မေ ၇**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့ နံနက်ပိုင်းက တောင်ငူမြို့သို့ သွားရောက်ပြီး ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန/အဖွဲ့ရုံးများမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများကို တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ပစ္စည်းများ ပေးအပ်သည်။




**စိတ်ခွန်အားတည်ဆောက်**

ဒုတိယဝန်ကြီးက ဝန်ကြီးဌာနသည် ပြည်တွင်း ပြည်ပရှိ မြန်မာလုပ်သားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်အသီးသီးတွင် လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် နေ့စဉ်ဝန်ဆောင်မှုပေးနေရသည့် ဌာနဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံအခန်း ထိခိုက်မှုများ ရှိခဲ့သော်လည်း ပြည်သူကို ဝန်ဆောင်မှုပေးနေရသဖြင့် ရုံးလုပ်ငန်းများကို စဉ်ဆက်မပြတ် လည်ပတ်နိုင်ရန် အရာထမ်း၊ အမှုထမ်းများအားလုံး စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ ကြိုးစားပေးရန် လိုကြောင်း၊ လက်ရှိကာလတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ရန်နှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ပစ္စည်းများမှအပ အသုံးပြုနိုင်သည့် အရေးကြီးစာရွက်စာတမ်းများ ရုံးလုပ်ငန်းသုံး၊ စက်ပစ္စည်းကိရိယာများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်း၍ ရုံးလုပ်ငန်းများ ဆက်လက် လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ မိမိတို့ အကြီးအကဲများအနေဖြင့် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့ရေးကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် ဝန်ထမ်းများအနေဖြင့် စိတ်ခွန်အားတည်ဆောက်၍ အခက်အခဲများရှိပါက ဌာနအကြီးအကဲများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြပေးစေလိုကြောင်း၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဂရုစိုက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ သောက်ရေသန့်နှင့် ခေါက်ဆွဲခြောက် အပါအဝင် ထောက်ပံ့ငွေကျပ် ၄၅ သိန်းအား ဦးစီးဌာန/အဖွဲ့ရုံးတာဝန်ခံများထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗန်ကောက်မြို့နေထိုင်သူများအကြား အဆောက်အအုံများ၏ ငလျင်ဒဏ်ခံနိုင်ရည်နှင့်ပတ်သက်ပြီး စိုးရိမ်မှုများ မြင့်တက်

**ဗန်ကောက် ဧပြီ ၇**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ပြိုကျမှုဖြစ်ပွားခဲ့သည့် ထိုင်းနိုင်ငံ၏မြို့တော် ဗန်ကောက်ရှိ မိုးမျှော်တိုက်တစ်လုံးတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိနေချိန်တွင် ထိုင်းမြို့တော်ရှိ အမျိုးသားပညာရေးအဖွဲ့အစည်းတစ်ခုမှ ပြုလုပ်သော စစ်တမ်းကောက်ယူမှုအရ ပြည်သူများမှာ အဆောက်အအုံများ၏ တည်ဆောက်ပုံဆိုင်ရာ ဘေးကင်းလုံခြုံမှုအပေါ် စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်စာရင်းစစ်ရုံးအတွက် ဆောက်လုပ်ဆဲဖြစ်သည့် အထပ်မြင့်အဆောက်အအုံမှာ ပြိုကျမှုဖြစ်ပွားခဲ့သောကြောင့် လူပေါင်း ၁၆ ဦး သေဆုံးကာ ဒါဇင်နှင့်ချီ ပျောက်ဆုံးနေဆဲဖြစ်သည်။ အပျက်အစီးများအောက်တွင် ပိတ်မိနေသော အလုပ်သမားများကို ရှာဖွေကယ်တင်နိုင်ရန် စက်ယန္တရားကြီးများ အသုံးပြုကာ အပျက်အစီးပုံကြီးများကို တူးဖော်နေကြောင်း သိရသည်။

သို့သော်လည်း ငလျင်လှုပ်ခတ်ပြီး ၁၀ ရက်အကြာတွင် အသက်ရှင်ကျန်ရစ်သူများအတွက် မျှော်လင့်ချက်မှာ မှေးမှိန်လာပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ အဆိုပါ မိုးမျှော်တိုက်မှာ ဗန်ကောက်မြို့တွင် ငလျင်ကြောင့်ပြိုကျခဲ့သည့် တစ်လုံးတည်းသော အဆောက်အအုံဖြစ်သော်လည်း မြို့ခံများမှာ စိုးရိမ်ပူပန်မှု မြင့်တက်နေခြင်းဖြစ်သည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုဌာနက ဧပြီ ၁ ရက်မှ ၃ ရက်အတွင်း ပြုလုပ်ခဲ့သော လူထုသဘောထားစစ်တမ်းရလဒ်များကို ထုတ်ပြန်ခဲ့ရာ ဖြေဆိုသူ ၆၈ ရာခိုင်နှုန်းသည် အဆောက်အအုံ၏ ခိုင်ခံ့မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် စိုးရိမ်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ထိုင်းအစိုးရသည် ဘေးကင်းလုံခြုံစိတ်ချရမှု



မရှိသော အဆောက်အအုံများကို စိစစ်ဖော်ထုတ်ရန် နိုင်ငံတစ်ဝန်း စစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း နှင့်ဗန်ကောက်မိုးမျှော်တိုက်ပြိုကျခြင်း၏အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# အခွန်စည်းကြပ်မှုကိစ္စရပ်နှင့်ပတ်သက်၍ ထရမ့်နှင့် နေတန်ယာဟုတို့ဆွေးနွေး

**ဝါရှင်တန် ဧပြီ ၇**



အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်သည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ဧပြီ ၇ ရက်တွင် တွေ့ဆုံခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားလိုက်သည်။ ယခုတွေ့ဆုံမှုသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဒုတိယသမ္မတသက်တမ်း စတင်ထမ်းဆောင်ချိန်မှစကာ ဒုတိယအကြိမ်တွေ့ဆုံမှုဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးသည် လွန်ခဲ့သောဖေဖော်ဝါရီလက နောက်ဆုံးတွေ့ဆုံခဲ့ကြသည်။ လွန်ခဲ့သောသီတင်းပတ်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရက အစ္စရေးသွင်းကုန်အပေါ် ၁၇ ရာခိုင်နှုန်း အခွန်စည်းကြပ်မှုအပါအဝင် အပြန်အလှန်အခွန်စည်းကြပ်မှုများ လုပ်ဆောင်သွားမည်ဟု ကြေညာပြီးနောက် ယခုလိုခေါင်းဆောင်နှစ်ဦး တွေ့ဆုံမှုဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။

နေတန်ယာဟုသည် အဆိုပါ လုပ်ဆောင်ချက်ကို ပြန်လည်ရုတ်သိမ်းရန် ထရမ့်ကိုတောင်းဆိုရန်စီစဉ်နေကြောင်း သတင်းမီဒီယာများတွင် ဖော်ပြထားကြသည်။ မိမိတို့သည် ကုန်သွယ်ရေးကိစ္စရပ်များ ဆွေးနွေးပြောကြားသွားမည်ဟု ထရမ့်က သတင်းထောက်များကို ပြောကြားလိုက်သည်။ ထို့အပြင် သိသာထင်ရှားသည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ဧပြီ ၇ ရက်နေ့သည် အစ္စရေးနှင့် အစ္စလာမ့်စစ်အဖွဲ့ ဟားမားစ်တို့ကြား ဂါဇာကမ်းမြောင်ဒေသတွင်ဖြစ်ပွားသော ပဋိပက္ခ တစ်နှစ်ခွဲကြာသည့် အထိမ်းအမှတ်လည်း ဖြစ်သည်။ နှစ်ဖက်အဖွဲ့များကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ပြိုကွဲလုနီးနီးဖြစ်နေချိန်တွင် ယခုဆွေးနွေးမှုမှ တစ်ဆင့် အောင်မြင်မှုရရှိရန် ထရမ့်က မျှော်လင့်လျက်ရှိသည်။

ထရမ့်နှင့် နေတန်ယာဟုတို့သည် ၎င်းတို့၏ တွေ့ဆုံမှုအပြီးတွင် ပူးတွဲသတင်းစာရှင်းလင်းပွဲ တစ်ခုပြုလုပ်ရန် စီစဉ်ထားကြောင်းလည်း အိမ်ဖြူတော်က ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ဂါဇာပဋိပက္ခစတင်ပြီး ၁၈ လအကြာ လူသားချင်းစာနာ ထောက်ထားမှုအခြေအနေများ ပိုမိုဆိုးရွားလာ

**ဂါဇာ ဧပြီ ၇**

ဂါဇာကမ်းမြောင်ဒေသရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများသည် အစ္စရေးနှင့်ဟားမားစ်တို့အကြား ပဋိပက္ခများ စတင်ဖြစ်ပွားချိန်မှစ၍ တစ်နှစ်ခွဲအတွင်း ဆိုးရွားလာခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အစ္စရေးနိုင်ငံကို ဟားမားစ်တို့က အကြီးစားဒုံးကျည်နှင့် အခြားတိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့မှုကြောင့် လူပေါင်း ၁,၂၀၀ ခန့် သေဆုံးခဲ့ပြီးနောက် တိုက်ပွဲများစတင်ဖြစ်ပွားခဲ့သည်။

ယခုနှစ် ဇန်နဝါရီလတွင် သီတင်းခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့သော်လည်း သက်တမ်းတိုးရေး ညှိနှိုင်းမှုများမှာ ရပ်တန့်သွားခဲ့သည်။ မတ် ၁၈ ရက်တွင် အစ္စရေးတပ်ဖွဲ့က နယ်မြေအတွင်း ထိုးစစ်များပြန်လည်စတင်ပြီးနောက် အဆိုပါသဘောတူညီချက်သည် ယခုအခါ ပျက်သုဉ်းသွားဖွယ်ရှိသည်။ ဂါဇာရှိကျန်းမာရေးအာဏာပိုင်များက ထိုးစစ်ပြန်လည်စတင်ချိန်မှစ၍ လူပေါင်း ၁၃၃၅ ဦး သေဆုံးခဲ့ပြီးဖြစ်ကြောင်း ဧပြီ ၆ ရက်တွင် ပြောကြားသည်။

ပဋိပက္ခဖြစ်ပွားမှုများကြောင့် သေဆုံးသူအရေအတွက် စုစုပေါင်းမှာ ၅၀၆၉၅ ဦးအထိ တိုးလာခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ ကယ်ဆယ်ရေးပစ္စည်းများပေးပို့မှုကို တစ်လကျော်ကြာ ရပ်ဆိုင်းထားသောကြောင့် ဂါဇာကမ်းမြောင်ဒေသသည် ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှုအန္တရာယ်တို့နှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။ **အင်န်အိတ်ချ်ကေ**

# ၂၀၂၄ သန်းခေါင်စာရင်းအရ သီရိလင်္ကာနိုင်ငံ၏ လူဦးရေ ၂၂ ဒသမ ၇၆ သန်းရှိလာ

**ကိုလံဘို ဧပြီ ၇**

သီရိလင်္ကာနိုင်ငံ၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ၂၀၂၄ အစီရင်ခံစာအရ စုစုပေါင်း လူဦးရေသည် ၂၂၇၆၃၇၇၀ ရှိကြောင်း ၂၀၁၂ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စုစုပေါင်းလူဦးရေထက် ၁၄၀၃၇၃၃ ဦး တိုးလာကြောင်း သီရိလင်္ကာသန်းခေါင်စာရင်းနှင့် စာရင်းအင်းဌာနက ဧပြီ ၇ ရက်တွင် ထုတ်ပြန်သည်။

၂၀၁၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်ကြားကာလတွင် လူဦးရေ၏ ပျမ်းမျှနှစ်အလိုက် တိုးနှုန်းသည် ၀ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၀၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ် ကြားကာလအတွင်း ပျမ်းမျှနှစ်စဉ်လူဦးရေတိုးနှုန်းမှာ ၀ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း အဆိုပါဌာနက ထုတ်ပြန်ထားသည်။



သီရိလင်္ကာ အနောက်ပိုင်းပြည်နယ်တွင် လူဦးရေစုစုပေါင်း၏ ၂၈ ဒသမ ၁ ရာခိုင်နှုန်း အများဆုံးနေထိုင်ကြပြီး မြောက်ပိုင်းပြည်နယ်တွင် လူဦးရေ ၅ ဒသမ ၃ ရာခိုင်နှုန်း အနည်းဆုံးဖြစ်သည်။

ယင်းဌာန၏ ထုတ်ပြန်ချက်အရ ကိုလံဘိုခရိုင်တွင် တစ်စတုရန်းကီလိုမီတာလျှင် အမြင့်ဆုံးလူဦးရေ သိပ်သည်းဆ ၃၅၄၆ ဦးရှိပြီး မြောက်ပိုင်းပြည်နယ်ရှိ လူဦးရေသိပ်သည်းဆမှာ မူလတီဗူခရိုင်တွင် အနိမ့်ဆုံးလူဦးရေကို တစ်စတုရန်းကီလိုမီတာလျှင် လူဦးရေ ၅၀ သာရှိသည်ဟု ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ မဏိပူရတွင် ခွေးရူးပြန်ရောဂါကြောင့် သုံးဦး သေဆုံးပြီး ရာနှင့်ချီထိခိုက်

**နယူးဒေလီ ဧပြီ ၇**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မဏိပူရပြည်နယ်၌ ခွေးရူးပြန်ရောဂါဖြစ်ပွားမှုကြောင့် သုံးဦးထက်မနည်းသေဆုံးပြီး ရာနှင့်ချီထိခိုက်လျက်ရှိကြောင်း ဒေသဆိုင်ရာ မီဒီယာများအပြောအရ ဧပြီ ၇ ရက်တွင် ထုတ်ပြန်သည်။

မဏိပူရမြို့တော် အင်ဖာမြို့၏တောင်ဘက် ၈၈ ကီလိုမီတာအကွာရှိ ချူရာချန်ပူခရိုင်တွင် ရောဂါဖြစ်ပွားမှုစတင်ခဲ့ပြီး ရောဂါပျံ့နှံ့မှုကို ကိုင်တွယ်ရန် ကန့်သတ်ဇုန်များ ကြေညာထားသည်။ ကျန်းမာရေးအရာရှိများ၏ ပြောကြားချက်အရ ပြီးခဲ့သည့်သီတင်းပတ်က ခွေးရူးပြန်ရောဂါ စတင်ဖြစ်ပွားသည့် ချူရာချန်ပူခရိုင်ရှိ နယူးဇူဗန်ရွာကို ကန့်သတ်ဇုန်အဖြစ် သတ်မှတ်ခဲ့သည်။

ဇန်နဝါရီလမှစပြီး ခွေးကိုက်ခံရသူ ၇၄၉ ဦးရှိခဲ့ရာ ခွေးရူးပြန်ရောဂါကြောင့် သုံးဦးသေဆုံးခဲ့ကြောင်းနှင့် အဆိုပါကျေးရွာတွင် ခွေးရူးပြန်ရောဂါသံသယရှိသူ အများအပြားရှိကြောင်း နယူးဒေလီအခြေစိုက် ရုပ်မြင်သံကြားသတင်းချန်နယ်က ဖော်ပြသည်။

ထို့ကြောင့် ဒေသခံများအား ရောဂါဖြစ်ပွားမှုကို သတိပြုရန်၊ လေလွင့်တိရစ္ဆာန်များနှင့် ထိတွေ့ခြင်းမှရှောင်ကြဉ်ရန်နှင့် သံသယဖြစ်ဖွယ်တိရစ္ဆာန်များ၏ အပြုအမူကို ချက်ချင်းသတင်းပို့ရန် အစိုးရတာဝန်ရှိသူများက တိုက်တွန်းထားသည်။ **ဆင်ဟွာ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ငလျင်ဒဏ်ခံရသည့်ဝန်ထမ်းများအတွက် ဝန်ကြီးဌာနရုံးပတ်ဝန်းကျင်အတွင်း ယာယီနေထိုင်ရန် စီစဉ်ဆောက်လုပ်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေး



**နေပြည်တော် မေ ၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ဝန်ကြီးဌာနဝင်းရှေ့ မြက်ခင်းပြင်နှင့် ယာဉ်ရပ်နားနေရာများ၌ ငလျင်ဒဏ်ခံရသည့် ဝန်ထမ်းများအတွက် ယာယီနေရာချထားနိုင်ရေး အခန်းများဖွဲ့စည်းတည်ဆောက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယာယီနေရာများအနီး ရေရရှိရေးနှင့် ယာယီသန့်စင်ခန်းများ လုံလောက်စွာစီစဉ်ပေးနိုင်ရေးနှင့် အခန်းများ ဖွဲ့စည်းတည်ဆောက်မှု အမြန်ပြီးစီးရေး မှာကြားပြီး ဝန်ကြီးဌာန ဝန်ထမ်းသက်သာဆိုင်အတွင်း ဝင်ရောက်ကြည့်ရှုစစ်ဆေးကာ စားသောက်ကုန်နှင့် ဝန်ထမ်းအသုံးအဆောင်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးနိုင်ရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာနရုံးအနီး ရုံးဖွင့်လှစ်ဆောင်ရွက်နိုင်ရန်နှင့် ဝန်ထမ်းများ နေထိုင်နိုင်ရန် ကွန်တိန်နာ Box များ တပ်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အောက်ခံတိုင်များ ခိုင်ခံ့မှုရှိစေရေးနှင့် အနီးပတ်ဝန်းကျင်တွင် ရေဆင်းမြောင်းများ ဖောက်လုပ် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်သူ့အင်အားဦးစီးဌာနရုံးဘေးရှိ ယာဉ်ရပ်နားနေရာများ၌ ဝန်ထမ်းများနေထိုင်နိုင်ရန် အခန်းများဖွဲ့စည်း တည်ဆောက်နေမှုအခြေအနေများနှင့် ရုံးများ ပတ်ဝန်းကျင်အတွင်း ယာယီတဲများဆောက်လုပ်နိုင်ရေးအတွက် မြေကွက်လပ်နေရာများ အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မြေကွက်လပ်များအား မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်၍ ယာယီတဲများ အမြန်ဆုံး ဆောက်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးအတွက်လည်း စနစ်တကျကြိုတင်စီစဉ် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် မေ ၇

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Abhay Thakur ဦးဆောင်သည့်အဖွဲ့ကို ယနေ့ ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**

တွေ့ဆုံစဉ်တွင် ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဘေးသင့်ဒေသများတွင် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့များ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ အာဆီယံသဘာဝဘေးအရေးပေါ် ထောက်ပံ့ပို့ဆောင်မှုစနစ် (Disaster Emergency Logistic System for ASEAN)နှင့် အာဆီယံနိုင်ငံတကာမှ ငလျင်ဘေးတုံ့ပြန် ဆောင်ရွက်မှုအတွက် ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့နေမှု အခြေအနေများ၊ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN-ERAT) များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ကူညီဆောင်ရွက်ပေးစေလိုသည်များကို ဆွေးနွေးခဲ့ပြီး ယခုလို အခက်အခဲကြုံတွေ့နေရချိန်တွင် အိန္ဒိယနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုအကူအညီများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို အမြန်ဆုံး ပေးပို့ထောက်ပံ့မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ငလျင်ဘေးသင့် ဒေသများတွင် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အိန္ဒိယနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ၏ လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့် အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ဆက်လက် ကူညီပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလွင်ဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၇

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေး တာကူးရ်အား မေ ၇ ရက် ညနေ ၄ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ငလျင်လှုပ်ခတ်မှု ဖြစ်ပွားပြီးနောက် အိန္ဒိယနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ ပေးအပ်ခဲ့မှုနှင့် အိန္ဒိယ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးအဖွဲ့များကို မြန်မာနိုင်ငံသို့ စေလွှတ်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ငလျင်ဒဏ်သင့် ပြည်သူများကို ကယ်တင်ရေးနှင့် ကယ်ဆယ်ရေးအတွက် နှစ်နိုင်ငံအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန်အတွက်လည်း ဆွေးနွေးခဲ့သည်။ ထို့ပြင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကဏ္ဍများတွင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် မေ ၇**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပါသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ ၈-၄-၂၀၂၅ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းသို့ ရောက်ရှိပြီးနောက် မြောက်ယွန်းယွန်းသို့ ရွေ့လျားကာ ၁၀-၄-၂၀၂၅ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

**မိုး/ဇလ**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငလျင်ဘေးအန္တရာယ်အပြီးဖြစ်ပွားနိုင်သည့် ကူးစက်ရောဂါများနှင့် ကြိုတင်ကာကွယ်ရမည့်အချက်များ

ဝင်းထွဋ်ဦး

သဘာဝဘေးအန္တရာယ်တွေထဲတစ်ခုအပါအဝင်ဖြစ်တဲ့ ငလျင်ဟာ အသက်အိုးအိမ် ထိခိုက်ဆုံးရှုံးမှုများစွာကို ဖြစ်စေပါတယ်။ လူအများရဲ့ကျန်းမာရေးကိုပါ ပြင်းထန်ဆိုးရွားစွာ ထိခိုက်စေပါတယ်။ ငလျင်သဘာဝဘေးအန္တရာယ် ကြုံတွေ့ခံစားကြရပြီးရင်လည်း ကျန်းမာရေးဆိုင်ရာပြဿနာတွေကို အနည်းနဲ့အများဆိုသလို ခံစားကြရပါတယ်။ ဒါတွေကို အချိန်မီ သတိပြုကာကွယ်ဖို့နဲ့ ထိရောက်တဲ့ ကုသမှုတွေ ဆောင်ရွက်ဖို့ အရေးကြီးပါတယ်။

ငလျင်လှုပ်ခတ်အပြီးမှာ ကူးစက်ရောဂါတွေ ဖြစ်ပွားနိုင်ခြေမြင့်မားပါတယ်။ အဓိက ကတော့ သန့်ရှင်းတဲ့ရေ မရရှိတာ၊ သောက်သုံးရေ အရင်းအမြစ်တွေပျက်စီးတာ၊ မိလ္လာစနစ်ပျက်စီးတာ၊ လူထူထပ်စွာ လူစုလူဝေး နေထိုင်ရတာနဲ့ ကျန်းမာရေးဝန်ဆောင်မှု ချို့တဲ့တာတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဖော်ပြပေးထားတဲ့ရောဂါတွေကိုတော့ အထူးသတိထားဖို့ လိုအပ်ပါတယ်။

**အဓိကဖြစ်နိုင်သော ကူးစက်ရောဂါများ**

အဓိက ဖြစ်နိုင်သော ကူးစက်ရောဂါဟာရေနဲ့ဆိုင်တဲ့ ကူးစက်ရောဂါတွေ (Waterborne Diseases) ဖြစ်တယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါ (Cholera)၊ အူရောင်ငန်းဖျားရောဂါ (Typhoid Fever)၊ အသည်းရောင်အသားဝါ အေပိုး (Hepatitis A)တို့လို ရောဂါတွေပါပဲ။

ဝမ်းပျက်ဝမ်းလျှောရောဂါ (Cholera) ဟာ ညစ်ညမ်းတဲ့ရေ ဒါမှမဟုတ် မသန့်ရှင်းတဲ့အစားအစာကနေတစ်ဆင့် ကူးစက်နိုင်ပြီး ရေဓာတ်ဆုံးရှုံးကာ အသက်အန္တရာယ်ရှိတဲ့အထိ ဖြစ်နိုင်ပါတယ်။ အူရောင်ငန်းဖျားရောဂါကတော့ ဗက်တီးရီးယားပိုးကြောင့် ဖြစ်တာပါ။ ပြင်းထန်ပြီး ဖျားနာမှုကို ဖြစ်စေနိုင်တယ်။ အသည်းရောင်အသားဝါ အေပိုး (Hepatitis A) ကလည်း မသန့်ရှင်းတဲ့ရေနဲ့ အစားအစာကနေတစ်ဆင့် ကူးစက်ပြီး အသည်းရောင်ရောဂါကို ဖြစ်စေပါတယ်။

ဒါ့အပြင် အပူချိန်မမျှတတာ၊ လူစုလူဝေးနဲ့နေထိုင်ရတာ၊ လေဝင်လေထွက်မကောင်းတာတွေကြောင့် ချောင်းဆိုးအသက်ရှူကျပ်တာ၊ နမိုးနီးယားစတဲ့ အသက်ရှူလမ်းကြောင်းနဲ့ဆိုင်တဲ့ရောဂါတွေလည်း ဖြစ်ပွားနိုင်ပါတယ်။ သတိပြုနေထိုင်ရမယ့် အနေအထားဖြစ်နေတာ အမှန်ပါပဲ။ လူထူထပ်စွာ နေထိုင်ရတာကြောင့် ကူးစက်နိုင်ခြေ မြင့်မားပါတယ်။ လူများစုပြုံနေတာကြောင့် ဗိုင်းရပ်စ်တွေ အလွယ်တကူ ပျံ့နှံ့နိုင်ပါတယ်။

**❝ စိတ်ဖိစီးမှုနဲ့ အိပ်မပျော်တာတွေစတဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးထိခိုက်မှုကို လျှော့နည်းအောင် လုပ်ဆောင်ရပါမယ်။ သက်သာရာသက်သာကြောင်း နည်းလမ်းကောင်းရစေဖို့ မိသားစုဝင်၊ အသိမိတ်ဆွေတွေနဲ့စကားပြောပါ။ တိုင်ပင်ဆွေးနွေးပါ။ စိတ်အပြောင်းအလဲဖြစ်စေပါတယ်။ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရတာ ပြင်းထန်မယ်ဆိုရင်တော့ ကျော်လွှားနိုင်ဖို့ စိတ်ပိုင်းဆိုင်ရာကုသမှုကို မဖြစ်မနေရယူရမှာ ဖြစ်ပါတယ်။ ဒီလိုစိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ထိန်းသိမ်းတာကလည်း ငလျင်ဘေးအန္တရာယ် ခံစားရအပြီးမှာ အရေးကြီးတဲ့ကျန်းမာရေးဆိုင်ရာ မဖြစ်မနေလိုက်နာရမယ့်အချက်ဖြစ် ❞**

နောက်တစ်ခုက အဆောက်အအုံပျက်စီးတဲ့နေရာတွေမှာမိမိရဲ့ကိုယ်ခန္ဓာဟာ မသန့်ရှင်းတဲ့ရေ၊ အညစ်အကြေးတွေနဲ့ထိတွေ့မှုရှိလာခဲ့ရင် အရေပြားညစ်ညမ်းကာ အရေပြားဆိုင်ရာ ကူးစက်ရောဂါ ဖြစ်ပွားနိုင်ပါတယ်။ ငလျင်လှုပ်ခတ်အပြီးမှာ သန့်ရှင်းမှုနည်းပြီး လူစုလူဝေးနဲ့ စုနေရတာကြောင့် အရေပြားယားယံတာ၊ ဗက်တီးရီးယားဝင်တာတွေလည်း ဖြစ်ဖို့များပါတယ်။ ငလျင်လှုပ်ခတ်စဉ်က ရခဲ့တဲ့ ဒဏ်ရာတွေကို သန့်ရှင်းစွာ မကုသဘူးဆိုရင် အနာပိုးဝင်ခြင်းဖြစ်နိုင်တယ်။

**စိတ်ကျန်းမာရေးအပေါ်သက်ရောက်မှု**

ငလျင်ဟာ ကြီးမားတဲ့ အိုးအိမ်တိုက်တာပျက်စီးမှုတွေအပြင် လူနဲ့သက်ရှိတွေကို ထိခိုက် သေကျေအနာတရရပြီး ပျက်စီးမှုပါကြီးမားလွန်းတာကြောင့် စိတ်ကျန်းမာရေးအပေါ်ပါ ဆိုးဆိုးရွားရွားကို သက်ရောက်မှုရှိနိုင်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာတွေ ရှိလာမှာဖြစ်ပါတယ်။ သဘာဝဘေးငလျင်ကြောင့် စိတ်ဒဏ်ရာရတာ၊ မိသားစုသေဆုံးမှုတွေ၊ အိမ်ရာဆုံးရှုံးမှုတွေကြောင့် စိတ်ဓာတ်ကျတာ၊ နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှု (aftershock)တွေအပေါ် စိုးရိမ်ပူပန်မှုဖြစ်ရတာစတဲ့ အကြောင်းအရာတွေက စိတ်ကျန်းမာရေးကို သိသိသာသာ ထိခိုက်နိုင်မှာဖြစ်ပါတယ်။

နောက်ထပ် ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်နိုင်သေးတာက ငလျင်လှုပ်ခတ်မှုအပြီး ဓာတုပစ္စည်းတွေယိုစိမ့်တာ၊ မီးလောင်မှုတွေနဲ့ သဘာဝဓာတ်ငွေ့ထွက်လာတာတွေပါပဲ။ အဲဒါတွေနဲ့ဆက်စပ်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါတွေခံစားရနိုင်ပါတယ်။ အသက်ရှူလမ်းကြောင်းကို ထိခိုက်စေကာ မျက်စိရောင်ရမ်းတာ၊ ချောင်းဆိုးတာ၊ အသက်ရှူကျပ်တာ စတဲ့ပြဿနာတွေ ဖြစ်စေနိုင်ပါတယ်။ အပျက်အစီးတွေကနေ ထွက်လာမယ့် ဖုန်မှုန့်၊ ဓာတု ထွက်ပစ္စည်းတွေဟာ အသက်ရှူလမ်းကြောင်းကိုထိခိုက်စေပြီး အဆုတ်ရောင်တာ၊ အသက်ရှူမဝတာတွေကို ဆက်တိုက်ဖြစ်စေနိုင်ပါတယ်။

ငလျင်ဘေးအန္တရာယ်ခံစားရအပြီးမှာ အရေးကြီးတဲ့ ကျန်းမာရေးဆိုင်ရာအချက်ကို မဖြစ်မနေလိုက်နာရပါမယ်။ မိမိကျန်းမာရေးနဲ့ လူမှုအသိုင်းအဝိုင်းပတ်ဝန်းကျင်ရဲ့ဘေးအန္တရာယ်ကို လျှော့ချနိုင်ဖို့အတွက်ဖြစ်ပါတယ်။

**သန့်ရှင်းမှုကိုဦးစားပေးလုပ်ဆောင်**

အရေးကြီးဆုံးက သန့်ရှင်းမှုကို ဦးစားပေးလုပ်ဆောင်ကြဖို့ဖြစ်ပါတယ်။ ကူးစက်ရောဂါ မဖြစ်ပွားစေဖို့ ကြိုတင်ကာကွယ်မှုတွေ ပြုလုပ်တာပါပဲ။ သန့်ရှင်းတဲ့ရေကိုသာ သောက်သုံးကြရပါမယ်။ (ကျိုချက်ပါ/ကလိုရင်းထည့်ပါ)။ လက်ကို ဆပ်ပြာနဲ့မကြာခဏ ဆေးကြောရမယ်။ ခြင်ကိုက်မခံရဖို့ အင်္ကျီလက်ရှည် ဝတ်ဆင်ရပါမယ်။ ခြင်ထောင်အသုံးပြုရပါမယ်။ အစားအစာကို သေချာစွာ ဖုံးအုပ်ပြီး ကျက်အောင်ချက်ပါ။ သေချာပြင်ဆင်ပြီး သန့်ရှင်းစွာ သုံးဆောင်ရပါမယ်။

ဒဏ်ရာရထားရင်ပိုးသတ်ဆေးလိမ်းပြီး သန့်ရှင်းစွာစည်းနှောင်ထားဖို့လိုပါတယ်။ မိလ္လာနဲ့ အညစ်အကြေးတွေကို ဝေးဝေးမှာ စနစ်တကျစွန့်ပစ်ရပါမယ်။ ရေသိုလှောင်ကန်တွေကို လုံခြုံစွာ ဖုံးအုပ်ထားဖို့လိုပါတယ်။ (ခြင်နဲ့ ညစ်ညမ်းမှုကို ကာကွယ်ဖို့ဖြစ်တယ်)

စိတ်ဖိစီးမှုနဲ့ အိပ်မပျော်တာတွေစတဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးထိခိုက်မှုကို လျှော့နည်းအောင် လုပ်ဆောင်ရပါမယ်။ သက်သာရာသက်သာကြောင်း နည်းလမ်းကောင်းရစေဖို့ မိသားစုဝင်၊ အသိမိတ်ဆွေတွေနဲ့စကားပြောပါ။ တိုင်ပင်ဆွေးနွေးပါ။ စိတ်အပြောင်းအလဲ ဖြစ်စေပါတယ်။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရတာ ပြင်းထန်မယ်ဆိုရင်တော့ ကျော်လွှားနိုင်ဖို့ စိတ်ပိုင်းဆိုင်ရာကုသမှုကို မဖြစ်မနေ ရယူရမှာဖြစ်ပါတယ်။ ဒီလိုစိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ထိန်းသိမ်းတာကလည်း ငလျင်ဘေးအန္တရာယ်ခံစားရအပြီးမှာ အရေးကြီးတဲ့ကျန်းမာရေးဆိုင်ရာ မဖြစ်မနေလိုက်နာရမယ့်အချက် ဖြစ်လို့နေပါတယ်။ ဒီအချက်တွေကို လိုက်နာလုပ်ဆောင်မယ်ဆိုရင် ငလျင်ဘေးဒဏ်ခံစားရပြီး ကာလမှာ ကြုံတွေ့ရမယ့် နောက်ဆက်တွဲ ကူးစက်ရောဂါတွေနဲ့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာတွေကို ရာနှုန်းပြည့်နီးပါး ကာကွယ်နိုင်မှာ အသေအချာပါပဲ။ အဲဒါကြောင့် ငလျင်သဘာဝဘေးအန္တရာယ်ကြုံတွေ့ခံစားကြရတဲ့ ပြည်သူညီအစ်ကိုမောင်နှမအားလုံး ငလျင်ဘေးအန္တရာယ်အပြီး ဖြစ်ပွားနိုင်တဲ့ ကူးစက်ရောဂါတွေနဲ့ ကြိုတင်ကာကွယ်ရမယ့်အချက်တွေကို သိရှိလုပ်ဆောင်နိုင်ကြစေဖို့ ရေးသားဖော်ပြလိုက်ရပါတယ်။ ။

## ငလျင်ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

### ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

### ငလျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့်အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျဉ်းမနားမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခဲ့သည့်နေရာများအား ကွင်းဆင်းကြည့်ရှု

နေပြည်တော် မေ ၇



နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ ရွှေချီ ရပ်ကွက်ရှိ ခေမာသီဝံဘုန်းတော်ကြီးကျောင်း မင်္ဂလာရပ်ကွက်ရှိ ငွေတောင်ဘုန်းတော်ကြီးကျောင်းနှင့် ဇေယျာသိမ်ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့ပြီး ဘုန်းတော်ကြီးကျောင်းများ ထိခိုက်ပျက်စီးမှု အခြေအနေနှင့် အဆိုပါ ဘုန်းတော်ကြီးကျောင်းများတွင် တပ်မတော်သားများက ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁)၊ အခြေခံပညာ အထက်တန်းကျောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းနှင့် အမှတ်(၃)၊ အခြေခံပညာ အထက်တန်းကျောင်းများသို့သွားရောက်ပြီး ထိခိုက်ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ပြီး ငလျင်ဘေးသင့်ပြည်သူများအား ယာယီနေရာချထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သူများအား ဆန်နှင့်ဆီ ထောက်ပံ့

ပဲခူး မေ ၇

ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပြိုကျထိခိုက်ခဲ့သော ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဘုန်းကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် အိမ်ထောင်စုများအတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆန်နှင့်ဆီများထောက်ပံ့ပေးအပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ပြိုကျထိခိုက်ခဲ့သော မြို့နယ်များမှ ဘုန်းကြီးကျောင်း ၁၈၆ ကျောင်းကိုတစ်ကျောင်းလျှင် ဆန်တစ်အိတ်၊ ဆီ ၁၀ ပိဿာပုံး တစ်ပုံး၊ ဘာသာရေးအဆောက်အအုံ ၁၅ လုံးအတွက် အဆောက်အအုံတစ်လုံးလျှင် ဆန်တစ်အိတ်၊ ဆီ ၁၀ ပိဿာပုံး တစ်ပုံး၊ အိမ်ထောင်စု ၉၇ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ တစ်ပိဿာနှုန်းဖြင့် စုစုပေါင်း ဆန် ၂၂၅ အိတ်ခြောက်ပြည်နှင့် ဆီ ၂၁၀၇ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီး ရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း နှင့် ကျန်းမာရေး ထိခိုက်နိုင်ခြင်း။
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။
(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်း လျော့နည်းခြင်း။
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# သုံးခွမြို့နယ် အိဿယျကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (Exit Strategy)



အကောင်အထည်ဖော်ဆောင်ရွက်သည့် အိဿယျကျေးရွာ၌ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေးခြင်းကို မေ ၃ ရက်က ဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးက စီမံကိန်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အိဿယျကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား ၂၅၀ ကို ပထမအကြိမ် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၅၀ ကို ထုတ်ချေးပေးခဲ့သည်။

မောင်ခိုင်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မန္တလေးမြို့ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် INDIA AIR FORCE မှ ထောက်ပံ့ပစ္စည်းများ လာရောက်ပို့ဆောင်

**မန္တလေး ဧပြီ ၇**

မန္တလေးမြို့ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် ရန်ကုန်မြို့ အခြေစိုက် အိန္ဒိယသံရုံး အစီအစဉ်ဖြင့် INDIA AIR FORCE မှ လေယာဉ်အမျိုးအစား၊ C-17A၊ လေယာဉ်အမှတ် CB-8005၊ ခရီးစဉ်အမှတ် IFC-0385 အား လေယာဉ်မှူး အိန္ဒိယနိုင်ငံသား MR.SAMEEP NIJHAWAN (PPNO.O1702235) ပါ လေယာဉ်အမှုထမ်း ၁၁ ဦး လိုက်ပါမောင်းနှင်၍ အိန္ဒိယတပ်မတော် ကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင် COL RAKESH KHATKAR (PPNo-O1603184/) ပါ ၁၁ ဦးတို့နှင့် ငလျင်ဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ထောက်ပံ့ရေးပစ္စည်း ၂၉ ဒသမ ၂၅ တန်တင်ဆောင်၍ အိန္ဒိယနိုင်ငံ GHAZIABAD HINDAN လေဆိပ်မှ မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ယနေ့ နံနက် ၉ နာရီ ၄၆ မိနစ်တွင် ရောက်ရှိသည်။

အဆိုပါ လေယာဉ်ဖြင့် 5KVA မီးစက် သုံးလုံး၊ ရေသန့်စက် ခုနစ်လုံး၊ ဆန်အိတ် ၈၅ အိတ်၊ ဆေး၊ ရေသန့်ဘူးကြီး ၂၀ လီတာဘူး ၂၀၀၊ ခေါက်ဆွဲခြောက်၊ Special EQPT ၁၇ ခု၊ အာလူး၊ ကြက်သွန်၊ ဂေါ်ဖီ၊ ဂျုံမှုန့် စုစုပေါင်း ၂၉ ဒသမ ၂၅ တန်တို့အား သယ်ဆောင်ရောက်ရှိလာခဲ့ရာ အဆိုပါပစ္စည်းများအား အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးမှူး ဗိုလ်မှူးကြီး ကျော်ထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးသက်လှိုင်ထွန်းတို့က လက်ခံဆောင်ရွက်ခဲ့ကြသည်။ **သတင်းစဉ်**





# မန္တလေးမြို့ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် ရုရှားနိုင်ငံမှ ထောက်ပံ့ပစ္စည်းများ လာရောက်ပို့ဆောင်

**မန္တလေး ဧပြီ ၇**

မန္တလေးမြို့ရှိ ငလျင်ဘေးဒဏ်သင့်သူများအား ကူညီကယ်ဆယ်ရန် ယနေ့ ဧပြီ ၆ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် Fedral State Budget Institution "Aviation Rescue Company of EMERCOM of Russia" မှ လေယာဉ်အမျိုးအစား IL-76 RA No76429 ခရီးစဉ်အမှတ်၊ SUM 9123 ဖြင့် လေယာဉ်မှူး ရုရှားနိုင်ငံသား Mr. MARKOV ALEKSANDAR (PP NO 55 1345753) ပါ လေယာဉ်အမှုထမ်း ၁၁ ဦး လိုက်ပါမောင်းနှင်လျက် ခရီးသည် သုံးဦး လိုက်ပါလာသည်။ အဆိုပါ လေယာဉ်ဖြင့် ၁၀ ဦးဆန့် ယာယီတဲ အခု ၁၅၀ (၁၇ ဒသမ ၂၅ တန်)၊ ပလတ်စတစ်စ ၁၂ ဒသမ ၂၄၉ တန်၊ 10 kg မီးစက် ၂၇ လုံး (၄ ဒသမ ၀၀၅ တန်)၊ အထွေထွေသုံးပစ္စည်း ၀ ဒသမ ၅၃၉ တန်၊ စုစုပေါင်း ၃၄ ဒသမ ၀၄၃ တန် ပါရှိလာကြောင်းနှင့် အဆိုပါအဖွဲ့အား အရေးပေါ်တုံ့ပြန်ကူညီရေးအဖွဲ့ (နိုင်ငံတကာ) ရုရှားအရေးပေါ် ကူညီရေးဝန်ကြီးဌာန၏ ဒုတိယအကြီးအကဲ Alexander Kivo-sheya နှင့် တိုင်းဥပဒေချုပ် ဦးမြင့်အောင်တို့က ကြိုဆိုလက်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြေငလျင်လှုပ်ခတ်မှုဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့သည့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများတွင် သွားလာမှုလွယ်ကူချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထားရှိ

**နေပြည်တော် ဧပြီ ၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သဘာဝဘေးငလျင်ဒဏ်ကြောင့် အခက်အခဲကြုံတွေ့နေရသည့် ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရေးအတွက် လေကြောင်းပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတို့မှ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများကို နေ့စဉ်သတင်းထုတ်ပြန်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ မန္တလေးနှင့် စစ်ကိုင်းမြို့အကြား လူနှင့်ကုန်စည်စီးဆင်းမှုများ ပုံမှန်လည်ပတ်နိုင်စေရေးအတွက် မန္တလေး (ရွှေကြက်ယက်) ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းတို့အကြား ကုန်တင်ကားကြီးများ မြစ်ကူး ပို့ဆောင်ခြင်းကို ပုဂ္ဂလိကပိုင် ရေယာဉ်၊ တွဲရေယာဉ်များဖြင့် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ အခမဲ့ဖြင့် ကုန်တင်ယာဉ် ၉၀၂ စီး၊ လူစီးမော်တော်ယာဉ်ငယ် ၅၅၁ စီးတို့ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည်။ ဧပြီ ၇ ရက်မှစ၍ ကယ်ဆယ်ရေးပစ္စည်း သယ်ယူပို့ဆောင်သည့် ကုန်တင်ယာဉ်များအား အခမဲ့ဖြင့် ဆက်လက်ပို့ဆောင်ပေးလျက်ရှိပြီး ကျန်ပုဂ္ဂလိကကုန်တင်ယာဉ်များကို သတ်မှတ်နှုန်းထားဖြင့် ကောက်ခံပြေးဆွဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပြီး ဧရာဝတီမြစ်ကူးတံတား ရတနာပုံနှင့် အင်းဝတံတားတို့ပေါ်မှ သွားလာမှုအခက်အခဲဖြစ်ပေါ်နေမှုကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ လိုအပ်သည့် ကယ်ဆယ်ရေးပစ္စည်းများ၊ ရိက္ခာနှင့် ဆေးဝါးများ၊ ကယ်ဆယ်ရေးအဖွဲ့များ လာရောက်ပို့ဆောင်ပေးမည့် နိုင်ငံတကာမှ ကယ်ဆယ်ရေးလေယာဉ်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ ၂၉-၃-၂၀၂၅ ရက်မှစတင်၍ နေ့စဉ်ဆင်းသက်လျက်ရှိရာ ယနေ့အထိ စုစုပေါင်း လေယာဉ် ၈၂ စင်း ဆင်းသက်ခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၅၁၈ ဒသမ ၂၈၉ တန် ရောက်ရှိပြီးဖြစ်သည်။ အဆိုပါ ပြည်ပမှ လာရောက်သည့် ကယ်ဆယ်ရေးလေယာဉ်များအတွက် မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများကို လူအင်အားစက်ယန္တရားအင်အားဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာအမျိုးသားလေကြောင်းက လည်းကောင်း၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရွှေ့ဆောင်လေဆိပ်ဝန်ဆောင်မှုကုမ္ပဏီက လည်းကောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် MC- Jalux Airport Services ကုမ္ပဏီကလည်းကောင်း အခမဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် အဆိုပါ မန္တလေးနှင့် နေပြည်တော် လေဆိပ်များအား လိုအပ်သည့် ပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းလေယာဉ်ခရီးစဉ်များကို ၄-၄-၂၀၂၅ ရက်နေ့တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း၊ ၅-၄-၂၀၂၅ ရက်နေ့တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း ပြန်လည်ဆင်းသက်ခွင့်ပြုခဲ့သည့်အတွက် မြန်မာအမျိုးသားလေကြောင်း၊ မန်းရတနာပုံလေကြောင်း၊ မဂ်လာလေကြောင်း၊ အဲယားသံလွင်လေကြောင်းလိုင်းတို့မှ ခရီးစဉ်များ ပုံမှန် ပျံသန်းပေးလျက်ရှိရာ ၄ ရက်တာ ကာလအတွင်း လေယာဉ်ခရီးစဉ်ခေါက်ရေ ၅၀ ပြေးဆွဲပေးနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ONE Friday Fights 104 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဆွန်ရတ်နှင့် ထိုင်းဖိုက်တာ ထိုးသတ်မည်

**ရန်ကုန် ဧပြီ ၇**

ONE Friday Fights 104 ပြိုင်ပွဲကို ဧပြီ ၁၁ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည်ဖြစ်ပြီး မြန်မာဖိုက်တာ ဆွန်ရတ်တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။

ဆွန်ရတ်သည် ထိုင်းဖိုက်တာ ခွန်ပွန်နို့င်နှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ပွဲစဉ် (၆) တွင် ထိုးသတ်ရမည်ဖြစ်သည်။ ဆွန်ရတ်သည် နောက်ဆုံးငါးပွဲဆက်တိုက် အနိုင်ရထားသူဖြစ်ပြီး စုစုပေါင်း ၁၀ ပွဲထိုးသတ်ရာတွင် ခြောက်ပွဲနိုင်၊ လေးပွဲ ရှုံးနိမ့်ထားသည်။ ဆွန်ရက်နှင့် ထိုးသတ်မည့် ခွန်ပွန်နို့င်သည် အသက် ၃၂ နှစ်ရှိပြီဖြစ်ပြီး ONE Championship နှင့် ခြောက်ပွဲ ထိုးသတ်ထားရာ လေးပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည်။



ဆွန်ရက်သည် ONE နှင့် လက်တွဲပြီး အစပိုင်းတွင် အရှုံးများခဲ့သော်လည်း နောက်ဆုံး ငါးပွဲဆက်တိုက် အနိုင်ရသည်အထိ လက်စွမ်းပြထားသူဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ - ONE Championship**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၇**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

## လျှော်ဒဏ်သင့်ဒေသများ၌ မီးသတ်ဦးစီးဌာနမှ ရေကားများကူညီပေးမှုအတွက် ငွေတောင်းခံခြင်း မရှိ၊ ငွေတောင်းခံပါက တိုင်ကြားနိုင်

**နေပြည်တော် မေ ၇**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်မီးလိုင်းများ၊ ဆက်သွယ်ရေးစခန်းများ အလျင်အမြန် ပြင်ဆင်ပြီးစီးခဲ့သော်လည်း ရေပိုက်လိုင်းများ ချွတ်ယွင်းပျက်စီးမှုကြောင့် ပြင်ဆင်နေဆဲဖြစ်ရာ ရေပေးဝေရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်သေးသည့်အတွက် အိမ်ရာများတွင် ရေအခက်အခဲများရှိနေရာ မီးသတ်ကားများကို အကူအညီတောင်းခံ၍ ရေရရှိရေး ဆောင်ရွက်ရသည်။

သို့ရာတွင် မီးသတ်ရေကားတစ်စီးလျှင် ငွေကျပ်တစ်သိန်းမှ တစ်သိန်းခွဲအထိ ပေးရကြောင်း အွန်လိုင်းတွင် သတင်းများ ထွက်ပေါ်လာသည့်အတွက် နေပြည်တော် မီးသတ်ဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူးတစ်ဦးအား မြန်မာ့သတင်းစဉ်က ဆက်သွယ်မေးမြန်းရာ "ကျွန်တော်တို့ဆီ ရေကားတောင်းခံလာတာနဲ့ ကျွန်တော်တို့က စနစ်တကျမှတ်ပုံတင်ပြီး ရေကားစေလွှတ်ကူညီပေးပါတယ်။ လူတစ်ဦးချင်းတောင်းခံတာကို မှတ်ပုံတင်ထားတာရှိပါတယ်။ ငွေတောင်းခံတာမရှိပါဘူး။ တကယ်လို့ တောင်းခံတယ်ဆိုရင် ကျွန်တော်တို့ဆီ တိုင်ကြားနိုင်ပါတယ်။ အခုအချိန်အထိ တိုင်ကြားခြင်းမရှိသေးပါဘူး။

နေပြည်တော်မှာ ကျွန်တော်တို့ကားတွေနဲ့တူတဲ့ အခြားသောဌာနပိုင်ကားတွေလည်းရှိပါတယ်။ အဲဒီကားတွေနဲ့မှားပြီး ထင်ယောင်ထင်မှားပြောတာလားလို့ တွေးမိပါတယ်။ အဲဒီကားတွေက ရေပေးဖို့သွားရင်း နားမလည်တော့ တစ်ခါတစ်ရံမှာ ဥပြဲဆွဲပြီးတောင် လမ်းတောင်းသွားလာနေတာ တွေ့ရလို့ တိုင်ကြားထားပါတယ်။ သူတို့အနေနဲ့လည်း တောင်းခံတယ်လို့ ကျွန်တော်တော့ မကြားမိပါဘူး။ တကယ်လို့ ကျွန်တော်တို့ မီးသတ်ဦးစီးဌာနပိုင် ရေကားတွေက ရေကားနဲ့ ရေပို့ပေးလို့ ငွေတောင်းခံတာတွေ့ရင် တိုင်ကြားနိုင်ပါတယ်လို့ ပြောလိုပါတယ်" ဟု ပြောကြားသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့အပါအဝင် ငလျင်ဒဏ်ကြောင့် ရေအခက်အခဲဖြစ်ပေါ်ပါက မီးသတ်ဦးစီးဌာနများသို့ အကူအညီတောင်းခံနိုင်ကြောင်း၊ မိမိတို့၏ အဓိကတာဝန်ဖြစ်သော မီးလောင်ပါက ငြိမ်းသတ်ရန် အသင့်အနေအထားဖြင့် အသင့်စုဖွဲ့ထားသော ကားများကို သီးခြားထားရှိပြီး ငလျင်ဒဏ်မသင့်သော တိုင်းဒေသကြီး/ ပြည်နယ်များမှ ရေကားများကို တောင်းခံဖြန့်ခွဲပေးထားရာ အဆိုပါကားများဖြင့် ရေပေးဝေရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

### ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့

**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတွင် မေ ၇ ရက်အထိ သေဆုံးသူ ၃၅၅၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၁၄ ဦးနှင့် ပျောက်ဆုံးသူ ၁၆၀ ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၀၀ အား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ လေယာဉ်စင်းရေ ငါးစင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၄၇ ဒသမ ၄၁ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်း ပြည်ပအလှူရှင်များ၏ ထောက်ပံ့ရေး ပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့က လှည့်ကင်းများ၊ ကင်းပုန်းများဖြင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ လုယက်မှု၊ ခားပြတိုက်မှုများဖြစ်ပေါ်ပါက နီးစပ်ရာစခန်းများသို့ တိုင်ကြားနိုင်

**နေပြည်တော် မေ ၇**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ပျက်စီးမှုများရှိခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း နံနက်တစ်ချိန်၊ နေ့လယ်တစ်ချိန်နှင့် ညပိုင်းတစ်ချိန်တို့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က လှည့်ကင်းများ ဆောင်ရွက်ခြင်း၊ ကင်းပုန်းများ ချထားခြင်းများဆောင်ရွက်၍ လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လူမှုကွန်ရက်အချို့တွင် နေပြည်တော်ရှိ အိမ်ရာအချို့နှင့် အပျိုဆောင်အချို့၌ လုယက်မှုများ ဖြစ်ပေါ်ကြောင်း သတင်းများ ဖော်ပြသည်ကို တွေ့ရသည်။ သို့ဖြစ်၍ မြန်မာ့သတင်းစဉ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီးတစ်ဦးအား လုယက်မှု သတင်းများ မှန်ကန်မှု ရှိ မရှိနှင့် ကြားသိခြင်း ရှိ မရှိ မေးမြန်းရာ ၎င်းက "အခုအချိန်ထိ ကျွန်တော်တို့ စခန်းတွေမှာ လာရောက်တိုင်ကြားခြင်း မရှိသေးပါဘူး။ ဒါကြောင့် ဒါက ကောလာဟလလို့ ယူဆပါတယ်။ ကျွန်တော်တို့က နေ့/ ညကင်းတွေမပြတ် လှည့်လည်ပြီး လုံခြုံရေး ဆောင်ရွက်ပေးနေပါတယ်။ လုယက်မှုတွေကျူးလွန်ခံရရင် တိုင်ကြားနိုင်ဖို့ ကျွန်တော်တို့ဖုန်းနံပါတ်တွေ ထုတ်ပြန်ပေးဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့ သွားစစ်တော့ တွေ့ရတာက တုတ် / ဓား လက်နက်အချို့ကိုင်ပြီး တိုက်တွေမှာ စောင့်နေတာက ကိုယ့်ဝန်ထမ်းတွေ / မိသားစုဝင်တွေဖြစ်ပါတယ်။ သူတို့က မသယ်ယူရသေးတဲ့ ပစ္စည်းတွေရှိနေသေးတော့ အစုအဖွဲ့အလိုက် ကင်းစောင့်နေကြတာပါ။ သူတို့ဆီကလည်း ထူးထူးခြားခြား တိုင်ကြားတာမရှိပါဘူး။ ရဲစခန်းကို တိုက်ရိုက်တိုင်ကြားနိုင်သလို ဖုန်းနဲ့လည်း ဆက်သွယ်တိုင်ကြားနိုင်ပါတယ်။ ဖုန်းနံပါတ်တွေ ထုတ်ပြန်ပေးသွားပါမယ်" ဟု ဖြေကြားသည်။

ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးမောင်သင့်က "ကျွန်တော်ကြားသိသလောက်တော့ လူမရှိတဲ့တိုက်အချို့မှာ ညဘက်မှာပစ္စည်းတွေတင်ပြီး မောင်းသွားရင် ဒါက သူခိုးတွေဖြစ်ဖို့များပါတယ်။ ကျွန်တော်တို့ ဝန်ထမ်းတွေက ကိုယ့်ပစ္စည်းကိုယ် သယ်ယူရွှေ့ပြောင်းရင် နေ့ဘက်ပဲ သယ်ယူရွှေ့ပြောင်းတာပါ။ ညဘက်တော့ မရွှေ့ပြောင်းကြပါဘူး။ ဒါကြောင့် ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ သန်းခေါင်ယံလောက်တစ်ချိန် ကင်းလှည့်ပေးစေချင်ပါတယ်။ အဲဒီမှာ တွေ့လို့ စစ်ဆေးမေးမြန်းကြည့်ရင် သူခိုးတွေကို ဖမ်းမိနိုင်မယ်လို့ အကြံပြုလိုပါတယ်" ဟု ပြောသည်။

တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ငလျင်ဒဏ်သင့်ဒေသများ၌ လုယက်မှုများ၊ ခားပြတိုက်မှုများဖြစ်ပေါ်ပါက နီးစပ်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းများသို့ တိုင်ကြားနိုင်ကြောင်းနှင့် မကြာမီ တိုင်ကြားနိုင်သော ဖုန်းနံပါတ်များကို ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အထူး ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း ထုတ်ပြန်

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့အနီးကိုဗဟိုပြု၍ မြန်မာနိုင်ငံအတွင်း လှုပ်ခတ်သွားသည့် အင်အားပြင်းငလျင်ကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် မုန်းဝန်းဗမာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်မှ အထူးဝမ်းနည်းခြင်းဖြစ်ရပြီး ဆုံးရှုံးနစ်နာမှုများအပေါ် စာနာထောက်ထားရပါကြောင်းနှင့် ငလျင်ဘေးဒဏ်သင့်ပြည်သူလူထုအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် မိမိတို့ မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်မှ တတ်အားသရွေ့ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မုန်းဝန်းဗမာတိုင်းရင်းသား
ယဉ်ကျေးမှုအဖွဲ့ချုပ်
၂၀၂၅ ခုနှစ်၊ မေလ ၇ ရက်

## မလေးရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများရောက်ရှိ

**နေပြည်တော် မေ ၇**

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိကြသည်။



ဘယ်လာရုစ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများဖြစ်သည့် ဆေးဝါးနှင့် တဲများပါဝင်သည့် ၁၉၄၀၀ ကီလိုဂရမ် တင်ဆောင်လာသည့်လေယာဉ် ဆိုက်ရောက်လာစဉ်။

ယနေ့နံနက် ၈ နာရီ ၁၅ မိနစ် အချိန် မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေး အဖွဲ့ဝင် WAN ZAINAL ABIDN BIN WAN YAACOB ပါ ၁၃ ဦးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ စောင်များနှင့် စားသောက်ဖွယ်ရာများ ၁၀၈၈၈ ကီလိုဂရမ်တင်ဆောင်၍ မလေးရှားနိုင်ငံ Kuala Lumpur Subang Airportမှ နေပြည်တော် (တပ်မတော်) လေဆိပ်သို့ လည်းကောင်း၊ ၈ နာရီ ၃၄ မိနစ်အချိန် မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင် MOHD HAFIFI HAFIDZ BIN ABD RAZAK ပါ ၁၃ ဦးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ စောင်များနှင့် စားသောက်ဖွယ်ရာများ၊ မီးဖိုချောင်သုံးပစ္စည်းများ အလေးချိန် ၈၂၁၂ ကီလိုဂရမ် တင်ဆောင်၍ မလေးရှားနိုင်ငံ Kuala Lumpur Subang Airport မှ နေပြည်တော်ရှိတပ်မတော်လေဆိပ်သို့ လည်းကောင်း၊ ၁၁ နာရီ မိနစ် ၃၀ တွင် MAI လေကြောင်းလိုင်းဖြင့် ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း အလေးချိန် ၁၅၂၅၀ ကီလိုဂရမ်တင်ဆောင်၍ မလေးရှားနိုင်ငံ Kuala Lumpur International Airport မှ နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိလာပြီး ယင်းပစ္စည်းများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်တင်လေးက လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။

ယင်းနောက် ညပိုင်း ၆ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများဖြစ်သည့် ဆေးဝါးနှင့် တဲများပါဝင်သည့် ၁၉၄၀၀ ကီလိုဂရမ် သယ်ဆောင်၍ Ministry of Emergency Situation ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဟူဒါလျက်ဗ် အလက်ဇန်းဒါ ဦးဆောင်သည့်အဖွဲ့သည် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိလာရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကိုယ်စား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မိုးထစ်ချုန်း၍ နေရာကွက်ကျားမိုးရွာမည်

**နေပြည်တော် မေ ၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ နေထိုင်၊ စားသောက်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးကိစ္စရပ်များအဆင်ပြေစေရန် အားကစားကွင်းများနှင့် ကွင်းပြင်ကျယ်များ၌ ယာယီရွက်ဖျင်တဲများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၇

**မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးကိစ္စရပ်များအဆင်ပြေစေရန် အားကစားကွင်းများနှင့် ကွင်းပြင်ကျယ်များ၌ ယာယီရွက်ဖျင်တဲများ စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ရပါသည်။**

**ဦးကြည်ဝင်း**
**သုခသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူး**

သုခသိဒ္ဓိရပ်ကွက်အတွင်းမှာ တည်ဆောက်ပေးထားတဲ့ ယာယီတဲတွေကတော့ နေပြည်တော်ကောင်စီရဲ့ စီစဉ်ပေးမှုနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောက်လုပ်ပေးထားတာ ဖြစ်ပါတယ်။ ယာယီတဲအလုံး ၂၁၀ တည်ဆောက်ထားရှိပါတယ်။ ဒီမှာနေထိုင်တဲ့ အိမ်ထောင်စုကတော့ ၁၀၇ စုရှိပြီး လူဦးရေ ၅၇၀ ကျော်ရှိပါတယ်။ ဒီမှာနေထိုင်သူတွေကတော့ ဝန်ထမ်းတွေများပါတယ်။ စားရေး၊ သောက်ရေးကတော့ စေတနာရှင်ပြည်သူတွေ လာရောက် လှူဒါန်းတာတွေနဲ့ လက်ရှိ အဆင်ပြေနေပါတယ်။ ဒီနေ့ဆိုရင် ရန်ကုန်တိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့က အလှူရှင်တွေ လာရောက်လှူဒါန်းကြပါတယ်။ သုံးရေကတော့ ဘေးဘယ်ညာမှာ ယာယီရေကန်တွေ ဆောက်လုပ်ထားပြီး သောက်သုံးရေအတွက် ရေသန့်စက်တွေကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီစဉ်ထားရှိပေးပါတယ်။ လျှပ်စစ်မီးကတော့ ဆိုလာမီးနဲ့ပဲ ယာယီတဲတစ်လုံးကို မီးလုံးနှစ်လုံးစီထားရှိပေးထားပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့ပူးပေါင်းပြီး လျှပ်စစ်မီးတိုင်စိုက်ထူတာတွေ၊ လျှပ်စစ်ဓာတ်ကြိုး သွယ်တန်းတာတွေ လုပ်နေပြီဖြစ်ပါတယ်။


ဦးကြည်ဝင်း


ဦးအာကာဖြိုး


ဦးသောင်းညွန့်


ဦးသန့်ဇင်ဦး

**ဦးအာကာဖြိုး**
**ပြည်သူ့ကျန်းမာရေး ကြီးကြပ်-၂ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး**

ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားချက်အရ ကျန်းမာရေးမှူး တစ်ယောက် ဦးစီးတဲ့အဖွဲ့နဲ့ Medical Cover ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ လက်ရှိဆောင်ရွက်နေတာကတော့ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေ၊ မိလ္လာ၊ အမှိုက်တွေနဲ့ ပတ်သက်ပြီးတော့ သန့်ရှင်းမှုရှိအောင် ဆောင်ရွက်ပေးပါတယ်။ ယာယီရေကန်တွေမှာ မနက်တစ်ကြိမ် ညနေတစ်ကြိမ် ပိုးသတ်ဆေးခတ်ပေးပါတယ်။ ကျွန်တော်တို့အဖွဲ့က ၂၄ နာရီလုံး ဒီမှာနေထိုင်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**ဦးသောင်းညွန့်(အငြိမ်းစား ဝန်ထမ်း) ကျန်မာရေးဝန်ကြီးဌာန ဓနသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်**

ဒီဓနသိဒ္ဓိ အားကစားကွင်းမှာ အိမ်ထောင်စုပေါင်း ၃၈ စု ရှိပါတယ်။ လူဦးရေကတော့ ၁၂၀ ကျော်ရှိပါတယ်။ ယာယီတဲတွေကတော့ ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့ပေးထားပါတယ်။ အခုယာယီတဲမှာနေထိုင်ကြတာကတော့ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ဝန်ထမ်းတွေနဲ့ ဝန်ထမ်းမိသားစုတွေ နေထိုင်ကြပါတယ်။ နောက်ထပ်လည်း လာရောက်မယ့် သူတွေလည်း ရှိပါတယ်။ စားသောက်ရေးနဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနက နေ့လယ်စာနဲ့ ညစာတို့ကို လာရောက်ထောက်ပံ့ပေးပါတယ်။ သောက်ရေသုံးရေအတွက်ကတော့ စေတနာရှင်ပြည်သူတွေက ရေသန့်ဘူးတွေ လာရောက် လှူဒါန်းကြပါတယ်။ လုံခြုံရေးအတွက်ကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆောင်ရွက်ပေးပါတယ်။ ကျန်းမာရေးကိစ္စအတွက်ကတော့ ကျန်းမာရေးဝန်ကြီးဌာနက ရွေ့လျားဆေးကုသယာဉ်တွေနဲ့ နေ့စဉ်လာရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်။

**ဦးသန့်ဇင်ဦး အငယ်တန်းစာရေး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇမ္ဗူသီရိမြို့နယ်**

ဒီMICC -2 အနောက်ဘက်က ကွင်းထဲမှာတော့ ယာယီတဲအလုံး ၁၄၀ ဆောက်လုပ်ပြီးသွားပါပြီ။ ယာယီတဲတွေကတော့ နေပြည်တော်ကောင်စီက ဆောက်လုပ်ပေးတာဖြစ်ပါတယ်။ မေ ၄ ရက်ကတည်းက လာရောက်နေထိုင်ကြတာ ဖြစ်ပါတယ်။ အိမ်ထောင်စုကတော့ ၁၀၂ စု ရှိပါတယ်။ လူဦးရေကတော့ ၃၅၇ ဦးရှိပါတယ်။ ဒီမှာ လိုအပ်တာတွေကိုတော့ ကျန်းမာရေးဝန်ကြီးဌာနက ဆေးအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့နဲ့ နေပြည်တော် စည်ပင်သာယာရေးကော်မတီအဖွဲ့တို့က ပူးပေါင်းလုပ်ဆောင်နေကြပါတယ်။

**သတင်း- ကျော်စွာအောင်**
**ဓာတ်ပုံ- အေးသန်း**


နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းမိသားစုများနေထိုင်ရန် ယာယီရွက်ဖျင်တဲများ တည်ဆောက်ထားရှိမှုကို မြင်တွေ့ရစဉ်။

## ငါးလုပ်ငန်းဦးစီးဌာနမှ ရေငန်ငါးများ သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချ

**နေပြည်တော် မေ ၇**

အင်အားပြင်း ငလျင်ကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အချို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ အဆိုပါငလျင်ဒဏ်ခံစားခဲ့ရသည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ သုခတော်ဝင်အိမ်ရာနှင့် ဝန်ကြီးဌာနများဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနများရှိ ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ရေဆင်းတက္ကသိုလ်နယ်မြေရှိ ဝန်ထမ်းများသို့ ရေငန်ငါးများ (ပလာတူး/ပလာလန်း)ကို သက်သာသောနှုန်းထား တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် မေ ၇ ရက်က ငါးလုပ်ငန်းဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများဖြင့် စုစုပေါင်း ရေငန်ငါးပိဿာချိန် ၆၀၀ အား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## တောင်ငူမြို့ ဝေဠုဝန်စာသင်တိုက်ရှိ ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစစ်ဆေး

**တောင်ငူ မေ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဝေဠုဝန်စာသင်တိုက်ရှိ ငလျင်ဘေးသင့် တိုက်ပွဲရှောင်ပြည်သူများအား ယနေ့နံနက်ပိုင်းက တောင်ငူခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမီမီခင်နှင့် ကျန်းမာရေးဝန်ထမ်းများက အထွေထွေကျန်းမာရေး ကြည့်ရှုစစ်ဆေးပေးပြီး ဆေးကုသမှုဆောင်ရွက်ပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နိုင်ရေးအတွက် ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန် ရေတွင်းရေကန်များကို ကလိုရင်းဆေးခတ်ခြင်းနှင့် ကူးစက်ရောဂါများအကြောင်း အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်သည်။



ထို့နောက်ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းတိုက်တွင် ငလျင်ဘေးကြောင့် သိမ်ပြိုကျပျက်စီးခဲ့ကာ တိုက်ပွဲရှောင်ပြည်သူ ကလေးငယ်ခြောက်ဦး ထိခိုက်သေဆုံးခဲ့မှုအတွက် အားပေးစကားပြောကြားကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**

**ဝိုင်းဝန်းကာကွယ် မီးဘေးအန္တရာယ်**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၇**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးလျှင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ မဟာစေတီကြီးဘုရားနှင့် အရန်စေတီတော်များ၊ သာသနိက အဆောက်အအုံများ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အပျက်အစီးများ စုပေါင်းရှင်းလင်း ဖယ်ရှားနေမှုများအားကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်များ၊ ဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ပြိုကျပျက်စီးခဲ့သည့် စေတီတော်ကြီးနှင့် အရန်စေတီတော်များ၊ သာသနိက အဆောက်အအုံများအားပြန်လည်ဖယ်ရှား ရှင်းလင်းရေးတို့နှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် လျှင်လှုပ်ခတ်မှုကြောင့် ဧရာဝတီမြစ်ကူးတံတား(ရတနာပုံ)တံတားကြီးအား ကြံ့ခိုင်မှုများ စစ်ဆေးနေစဉ်ကာလအတွင်း ဖြတ်သန်းသွားလာမှုအဆင်ပြေစေရန် ဆောင်ရွက်ပြီးစီးမှုများ၊ စစ်ကိုင်းမြို့သစ်ဆိပ်မြစ်ကမ်းမှ မန္တလေးမြို့ ရွှေကြက်ကျမြစ်ကမ်းသို့ ဇက်ကူးတို့ဖြင့် ဖြတ်သန်းမှုများ၊ လျှင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ သစ္စာစေတီ၊ ပန်းပဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီ၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီများနှင့် သာသနိက အဆောက်အအုံများ၊ အရန်စေတီများ၊ စစ်ကိုင်းခရိုင် မီးသတ်ဦးစီးဌာနရုံး၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် စစ်ကိုင်းမြို့ပေါ်ရှိ လူနေအိမ်တိုက်တာများအား ပြန်လည်ရှင်းလင်းဖယ်ရှားနေမှုများကို လည်းကောင်း၊ စစ်ကိုင်းမြို့ပေါ်ရှိ လျှင်ဘေးဒဏ်သင့်ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတို့မှ ဧရာဝတီမြစ်ရေကိုသန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများကို လည်းကောင်း ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မိတ္ထီလာမြို့ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ လျှင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော နှစ်ထပ်လူနာဆောင်အား ကြည့်ရှု၍ အပျက်အစီးများ ရှင်းလင်းပြီး အမြန်ဆုံး ပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် လျှင်ဒဏ်ကြောင့် ကန်ပေါင်မြေ နိမ့်ကျနေသည့် မိတ္ထီလာကန်ပေါင်၌ ပြုပြင်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့အားကစားကွင်း၌ လာအိုနိုင်ငံမှ ဆေးအကူအညီပေးရေး အဖွဲ့၏ ဆေးကုသပေးနေမှုများကို လည်းကောင်း၊ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ကျောက်ဆည် မြို့ နည်းပညာတက္ကသိုလ်၊ Bright Kids မူကြိုကျောင်း၊ ရွှေမုဋ္ဌောဘုရား၊ ကျောက်ဆည်တက္ကသိုလ်နှင့် ကျောက်ဆည်မြို့တွင်းရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် အဆောက်အအုံများတွင် အပျက်အစီးများ ရှင်းလင်းဖယ်ရှားပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် သာသနိကအဆောက်အအုံများအတွက် အလှူငွေပေးအပ်စဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် လျှင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော မန္တလေးမြို့ နန်းမြို့ရိုးပတ်လည်၊ နန်းမြို့ရိုးအတွင်းရှိ ဗဟိုစင်နှင့် စွယ်တော်စင်နေရာ၊ Sky Villa ၊ မန္တလေးတက္ကသိုလ်၊ ဂရိတ်ဝေါဟိုတယ်၊ ဦးလှသိန်း ဗိမာန်၊ မစိုးရိမ်တိုက်သစ်နေရာများနှင့် မန္တလေးမြို့ပတ်လမ်းတို့၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေမှုများနှင့် ရှင်းလင်းပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။


**ဆေးကုသရေးဆောင်ရွက်**

ထို့အပြင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ ဘုရားစေတီများ၊ဘုန်းတော်ကြီးကျောင်းများ၊ စစ်မှုထမ်းဟောင်းအိမ်ရာများနှင့် လျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေရာများ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၌ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေး လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ပြည်သူများကလည်း လျှင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် လျှင်ဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်များ၊ သောက်သုံးရေများ၊ အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



စစ်ကိုင်းမြို့ပေါ်ရှိ လျှင်ဘေးဒဏ်ခံစားခဲ့ရပြီး ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံများကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။



မိတ္ထီလာမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူသူ လျှင်ဒဏ်သင့်ပြည်သူတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်း စစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိကြောင်း သိရသည်။



၂၀၂၅ ခုနှစ် မတ်လအတွင်း ဖမ်းဆီးရမိမှု။

တာဝန်သိ ပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ် မတ်လအတွင်း သတင်းရရှိမှု ၉၇ ကြိမ် ရရှိခဲ့ပြီး သတင်းမှား ခြောက်ကြိမ်၊ နောက်ကျသတင်း တစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု အကြိမ် ၉၀ ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၈၉၆ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၆၅ မျိုး အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၉၈ ဒသမ ၉၈၆ သန်းနှင့် တရားမဝင် ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၅ ခုနှစ် မတ်လအတွင်း သတင်းပေး တိုင်ကြားခဲ့သည့် တာဝန်သိ ပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးငွေကျပ် ၃၀၀၉၈ ဒသမ ၉၈၆ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၆၀၁၉ ဒသမ ၇၉၇ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း-၀၉၄၀၄၃၃၉၉၆၉၊ အော်တို တယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၆ ဒသမ ၄၅၆ တန်၊ သစ်မာ ၃ ဒသမ ၈၀၁ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၆၇၁၉၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



နိုင်ဂရု(ပ်)ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုင်ဂရု(ပ်) ဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၄၂၀၂၁)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Eain Thi ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၁၉၀၄၂၀၂၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၇ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၇၃၀၉၂၁၃ ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြောင်းမြမြို့၌ ငွေကျပ်သိန်း ၁၄၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က မြောင်းမြမြို့ ကံ့ကော်မြိုင်ရပ်ကွက်ရှိ မဝတ်ရည်နှင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ဧည့်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၄၀) သိမ်းဆည်းရမိခဲ့သဖြင့် မဝတ်ရည်နှင်း (၂၂)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိ

### (၇-၄-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃၀-၃-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၆-၄-၂၀၂၅)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၃၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ၇-၄-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၆၁၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**



မသီရိအောင်နှင့် အောင်နိုင်ဇံတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ဝေါမြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၆ ရက် ညနေ ၅ နာရီခွဲက သတင်းအရ ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအုပ်စု ညောင်ခါးရှည် ကျေးရွာအနီးတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမှ မွန်ပြည်နယ် မော်လမြိုင်သို့ အောင်နိုင်ဇံ မောင်းနှင်ပြီး မသီရိအောင် လိုက်ပါလာသည့် TOYOTA LANDCRUISER အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်၏ဆီတိုင်ကီအံ့ဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၀၀) သိမ်းဆည်းရမိခဲ့သဖြင့် အောင်နိုင်ဇံ(၃၅)နှစ်နှင့် မသီရိအောင်(၂၇)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မော်လမြိုင်အသင်း(ရန်ကုန်) (၁၀၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲကျင်းပ



**ရန်ကုန် မေ ၇**

မော်လမြိုင်အသင်း (ရန်ကုန်) (၁၀၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် နိုင်ငံတော်မှ ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများ၊ ပညာရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို မေ ၆ ရက်က ရန်ကုန်မြို့ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးဆန်းဦးက အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် အသက် (၈၀)နှင့်အထက် ဘိုးဘွားများကို ကန်တော့ချီးဖြင့် ကန်တော့ကြသည်။

ယင်းနောက် အလှူရှင်များက ဘိုးဘွားများအား ကန်တော့ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ (၁၀၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ထောက်ပံ့လှူဒါန်းပေးကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခြင်း၊ နိုင်ငံတော်မှ ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူလေးဦးနှင့် ပညာရည်ချွန်ဆုရရှိသူ လေးဦးအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## အာရှ မြို့ပြအင်ဂျင်နီယာများပူးပေါင်းဆောင်ရွက်ရေးကောင်စီ ( ၄၈ )ကြိမ်မြောက် အမှုဆောင်အဖွဲ့အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၇**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ချုပ်ကကြီးမှူး၍ အာရှမြို့ပြ အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Asian Civil Engineering Coordination Council, ACECC) ၏ (၄၈) ကြိမ်မြောက် အမှုဆောင်အဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။




ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ACECC ၏ နည်းပညာဆိုင်ရာ ကော်မတီ၊ ငွေစာရင်းကော်မတီ၊ စီမံခန့်ခွဲမှု ကော်မတီ၊ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးများကို ဆက်လက်ကျင်းပသည်။

(၄၈)ကြိမ်မြောက် အမှုဆောင်အဖွဲ့အစည်းအဝေးကို မေ ၇ ရက်နှင့် ၈ ရက်များတွင် နိုဗိုတယ်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ပြီး ACECC တွင် အဖွဲ့ဝင် ၁၈ နိုင်ငံရှိရာ ၁၂ နိုင်ငံမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၇ ဦး တက်ရောက်ကြပြီး ငါးနိုင်ငံမှ ကိုယ်စားလှယ်များက Online မှ အစည်းအဝေး တက်ရောက်ကြသည်။

ထို့ပြင် မေ ၈ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီအထိ နည်းပညာ ကော်မတီများ၏ ဟောပြော ဆွေးနွေးပွဲများကို အပိုင်းငါးပိုင်းခွဲ၍ ကျင်းပမည်ဖြစ်ရာ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ အင်ဂျင်နီယာများကလည်း ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် နိုဗိုတယ်ဟိုတယ်၌ လူကိုယ်တိုင်သော်လည်းကောင်း၊ online မှ သော်လည်းကောင်း တက်ရောက်နိုင်သည်။

အစည်းအဝေး နှစ်ရက်ကျင်းပပြီးနောက် မေ ၉ ရက် နံနက် ၁၀ နာရီခွဲမှ ၁၂ နာရီခွဲအထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ခန်းမ၌ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်များအတွက် ACECC အဖွဲ့ဝင်အသင်းများမှလိုအပ်သည့် အကြံပြုချက်များ၊ ကူညီမှုများပေးနိုင်ရန် ဆွေးနွေးပွဲအား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

## ရပ်စောက်ကျန်းမာရေးဌာနမှ လူနေမှုဘဝနေထိုင်နည်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး

**ရပ်စောက် မေ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသည် ကျန်းမာရေးနှင့် ညီညွတ်သော လူမှုဘဝပုံစံများ ပြောင်းလဲကျင့်သုံးနိုင်ရေး မြို့နယ်အဆင့် သင်တန်းကို အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ မေ ၇ ရက် ညနေ ၃ နာရီက မြို့နယ် မိုးလုံလေလုံ အားကစားခန်းမ၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော နွေရာသီအားကစားသင်တန်းမှ သင်တန်းသားသင်တန်းသူ ၁၀၀ တို့အား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းပပနှင့် ကုသရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာပိုင်စိုးမိုးတို့က ကျန်းမာသော လူနေမှုဘဝနေထိုင်နည်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းများကို အသိပညာပေးခြင်းနှင့် အဆိုပါအကြောင်းအရာများနှင့်ပတ်သက်သော အသိပညာပေးလက်ကမ်းစာစောင်များကို ပေးဝေခဲ့ကြောင်း၊ မေ ၄ ရက်ကလည်း ရပ်စောက်မြို့နယ် ပင်ဖြစ်အခြေခံပညာ အထက်တန်းကျောင်း၌ မြို့နယ်ကြက်ခြေနီအသင်းမှ ဖွင့်လှစ်သင်ကြားနေသော ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းရှိ သင်တန်းသား ၅၀ အား Healthy Life Style အကြောင်း အသိပညာပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မေ ၁၂ ရက်မှ ၁၅ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မိုးကြီးနိုင်

**နေပြည်တော် မေ ၇**

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညမှ မေ ၁၁ ရက်အထိ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မေ ၁၂ ရက်မှ ၁၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## တွံတေးမြို့နယ်၌ မီးခိုးမြူငွေ့နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**တွံတေး မေ ၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ ဗဟုသုတများ ရရှိစေရန် ရည်ရွယ်၍ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်း က ကလီထော်ကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။ အဆိုပါ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကလီထော်ကျေးရွာမှ ရပ်မိရပ်ဖများ၊ကျေးရွာသူကျေးရွာသား များ တက်ရောက်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

၂၂၂





ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မေ ၇ ရက်တွင် မြို့မဈေး၊ အောင်သာယာဈေးနှင့် ဗိုလ်ချုပ်ဈေးတို့တွင် လိုက်လံနှိုးဆော်ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ မေ ၇ ရက်တွင် လှေကြီးတတ်ကျေးရွာရှိ မိဘမေတ္တာ စက်သုံးဆီအရောင်းဆိုင်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၃) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် မြို့နယ်ဦးစီးအရာရှိ ဦးမြင့်မြတ်ဇော်၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျော်သူလွင်နှင့် သန္ဓေမီးသတ်တပ်တပ်ဖွဲ့ဝင်များက အသိပညာပေးကြပ်မတ်စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

မေ ၇ ရက် နံနက်ပိုင်းမှာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဥရောပထိပ်တန်းအသင်းကြီး အချင်းချင်း တွေ့ဆုံမှုဖြစ်တဲ့အတွက် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပ-ကျော့

အာဆင်နယ် - ရီးရဲမက်ဒရစ်

ဘိုင်ယန် - အင်တာမီလန်

၉-၄-၂၀၂၅

# အများနည်းတဲ့အသင်းသာ အောင်ပွဲခံဖွယ်ရှိတဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များ

## အာဆင်နယ် Vs ရီးရဲမက်ဒရစ် နံနက် ၁း၃၀



ဒီရာသီမှာ အာဆင်နယ်က အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းမွန်ပြီး ပြိုင်ဘက် ရီးရဲမက်ဒရစ်က အဝေးကွင်းစွမ်းဆောင်ရည် ကောင်းမွန်မှုမရှိဘူး။ ၂၀၁၉ ခုနှစ်က ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံထားပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ တစ်ဖက်နှစ်ဂိုးစီ သရေကျထားတယ်။ နှစ်သင်းစလုံးမှာ ပွဲရလဒ်အဖြေကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ ကစားသမားတွေ အများအပြားရှိတာကြောင့် ခြေစွမ်းသာလွန်တဲ့ အသင်းထက် ရရှိလာမယ့် အခွင့်အရေးကို အမိအရ အသုံးချကာ သွင်းဂိုးအဖြစ်ပြောင်းလဲနိုင်တဲ့အသင်း နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်ရေး အခွင့်အရေးကောင်း ပိုင်ဆိုင်နိုင်ဖွယ်ရှိတယ်။



မာတင်နယ်လီ (၂၃ နှစ်)

အာဆင်နယ် (တောင်ပံ)

၂၆ ပွဲကစား၊ ၆ ဂိုးသွင်း

| အာဆင်နယ်ရဲ့နောက်ဆုံးသုံးပွဲရလဒ် |
| --- |
| အာဆင်နယ် ၁ - ၀ ချယ်ဆီး |
| အာဆင်နယ် ၂ - ၁ ဖူလ်ဟမ် |
| အဲဗာတန် ၁ - ၁ အာဆင်နယ် |

| ရီးရဲမက်ဒရစ်ရဲ့နောက်ဆုံးသုံးပွဲရလဒ် |
| --- |
| ရီးရဲမက်ဒရစ် ၃ - ၂ လီဂါနက်စ် |
| ရီးရဲမက်ဒရစ် ၄ - ၄ ဆိုစီဒက် |
| ရီးရဲမက်ဒရစ် ၁ - ၂ ဗလင်စီယာ |

အမ်ဘာပေ (၂၆ နှစ်)

ရီးရဲမက်ဒရစ် (တိုက်စစ်)

၂၈ ပွဲကစား၊ ၂၂ ဂိုးသွင်း

## ဘိုင်ယန် Vs အင်တာမီလန် နံနက် ၁း၃၀



သက်ဆိုင်ရာလိဂ်တွေမှာ အမှတ်ပေးဇယားကို ဦးဆောင်ထားတဲ့ အသင်းအချင်းချင်းတွေ့ဆုံမှုဖြစ်တဲ့အပြင် တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတဲ့ အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်တဲ့အတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံထားတဲ့ လေးကြိမ်မှာ ဘိုင်ယန်မြူးနစ်အသင်းက သုံးကြိမ်အထိ နိုင်ပွဲရထားတယ်။ အင်တာမီလန်အသင်းရဲ့ခြေစွမ်း ထက်မြက်မှုရှိသော်ငြား ဘိုင်ယန်မြူးနစ်အသင်းအိမ်ကွင်းမှာ ခက်ခက်ခဲခဲ ရုန်းကန်ရနိုင်ပြီး မထင်မှတ်ဘဲ ရှုံးပွဲကြုံတွေ့ကာ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက် မှေးမှိန်သွားနိုင်တယ်။



ဟာရီကိန်း (၃၁ နှစ်)

ဘိုင်ယန် (တောင်ပံ)

၂၆ ပွဲကစား၊ ၂၃ ဂိုးသွင်း

| ဘိုင်ယန်ရဲ့ နောက်ဆုံးသုံးပွဲရလဒ် |
| --- |
| ဘာလင် ၁ - ၁ ဘိုင်ယန် |
| ဘိုင်ယန် ၃ - ၂ စိန့်ပေါလ် |
| အော့စ်ဘတ် ၁ - ၃ ဘိုင်ယန် |

| အင်တာရဲ့ နောက်ဆုံးသုံးပွဲရလဒ် |
| --- |
| အင်တာ ၂ - ၁ အူဒီးနိစ် |
| မီလန် ၁ - ၁ အင်တာ |
| ပါးမား ၂ - ၂ အင်တာ |

သူရမ် (၂၇ နှစ်)

အင်တာ (တောင်ပံတိုက်စစ်)

၃၀ ပွဲကစား၊ ၁၄ ဂိုးသွင်း

## ကမ္ဘာ့အဆင့် (၄) တင်းနစ်မယ် ပဲဂူလာ ချားလ်စတန်အိုးပင်းဖလား ဆွတ်ခူး

ချားလ်စတန်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် (၄) ရှိ အမေရိကန်တင်းနစ်မယ် ဂျက်ဆီကာ ပဲဂူလာက တစ်နိုင်ငံတည်းဖြစ်သူ ဆိုဖီယာ ကီနင်ကို နိုင်ပွဲရရှိကာ ဖလားကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ကြောင်း သိရသည်။

ပဲဂူလာသည် အဆိုပါ ပွဲစဉ်တွင် ပြိုင်ဘက်ကို ၆-၃၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ပြိုင်ပွဲတစ်လျှောက်တွင် နာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် ရှိုင်းမာနိုဗစ်ချ်၊ တွန်ဂျာနိုဗစ်၊ ကောလင်းစ်၊ အလက်ဇန်ဒရိုဗာတို့ကို အဆင့်ဆင့်ကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သူ ဖြစ်သည်။



ပဲဂူလာသည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် မိုင်ယာမီအိုးပင်းပြိုင်ပွဲတွင် ထိပ်တန်းအဆင့် တင်းနစ်မယ်များကို အဆင့်ဆင့်ဖြတ်ကျော်ကာ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သော်လည်း ဗိုလ်လုပွဲတွင် ဘယ်လာရုစ်နာမည်ကြီး တင်းနစ်မယ် အရှိုင်နာဆာဘာလင်ကာကို ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားကိုင်မြှောက်အောင်ပွဲခံခွင့် လွဲချော်ထားသူ ဖြစ်သည်။



■ ဆောက်သမ်တန်အသင်းမှ ထွက်ခွာသွားသည့် နည်းပြ ဂျူရစ်။

## ဆောက်သမ်တန်အသင်း တန်းဆင်းခဲ့ရပြီးနောက် နည်းပြ ဂျူရစ် အသင်းမှ ထွက်ခွာ

ဆောက်သမ်တန်အသင်းနည်းပြ အီဗန်ဂျူရစ်သည် မေ ၆ ရက်တွင် ပရီမီယာလိဂ်မှ တန်းဆင်းခဲ့ရပြီးနောက် ယခုအခါ အသင်းမှ ထွက်ခွာသွားပြီ ဖြစ်ကြောင်း သိရသည်။

ဂျူရစ်ကို ဒီဇင်ဘာလတွင် ရူဆဲလ်မာတင်၏ နေရာကို နည်းပြသစ်အဖြစ် ၁၈ လစာချုပ်ဖြင့် အစားထိုး ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဆောက်သမ်တန်အသင်းကို ၎င်းတာဝန်ယူကိုင်တွယ်သည့် ၁၆ ပွဲတွင် နှစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။

၎င်း၏ ဆောက်သမ်တန်အသင်းသည် မေ ၆ ရက်တွင် စပါးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် လက်ကျန်ရှစ်ပွဲကစားရန် ကျန်ရှိနေချိန်တွင် ပရီမီယာလိဂ်သမိုင်းတစ်လျှောက် အစောဆုံး တန်းဆင်းရသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဆောက်သမ်တန်အသင်းသည် ပရီမီယာလိဂ် ၃၁ ပွဲကစားပြီးချိန်တွင် ရှုံးပွဲ ၂၅ ပွဲနှင့်အတူ ရမှတ် ၁၀ မှတ်သာ စုဆောင်းထားနိုင်သည့် အသင်းဖြစ်သည်။

## စာချုပ်သစ်ချုပ်ဆိုရေး တိုးတက်မှုရှိလာဟု ဗန်ဒိုက်ပြော

အသင်းခေါင်းဆောင် ဗန်ဒိုက်သည် စာချုပ်သစ်ချုပ်ဆိုရေးနှင့်ပတ်သက်ပြီး လီဗာပူးအသင်းနှင့် ဆွေးနွေးညှိနှိုင်းမှုမှာ တိုးတက်မှုရှိလာကြောင်း ပြောကြားလိုက်သည်။

အသက် ၃၃ နှစ်အရွယ်ရှိ ဗန်ဒိုက်၏ လက်ရှိစာချုပ်သက်တမ်းမှာ ရာသီကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်သည်။ ၎င်းသည် ၂၀၁၈ ခုနှစ်တွင် ပေါင် ၇၅ သန်းဖြင့် ဆောက်သမ်တန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။

ဗန်ဒိုက်သည် လီဗာပူးအသင်းအတွက် ပွဲပေါင်း ၃၂၃ ပွဲ ပါဝင်ကစားထားပြီး ၂၆ ဂိုးသွင်းယူပေးထားနိုင်သည်။

## နောက်ဆုံးရအားကစားသတင်းတိုများ



■ နယူးကာဆယ်အသင်းသည် နွေရာသီတွင် အသင်းသို့ ခေါ်ယူအားဖြည့်နိုင်ရန်အတွက် ဖီအိုရင်တီးနားအသင်းမှ အီတလီ တိုက်စစ်ကစားသမား မွိုက်စ်ကိန်း၏ အေးဂျင့်ကို တိုက်ရိုက် ဆက်သွယ်လိုက်ကြောင်း သိရသည်။ ၎င်းကို အာဆင်နယ်၊ စပါး၊ မီလန်၊ နာပိုလီနှင့် ဘာစီလိုနာအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်။

■ အာဆင်နယ်အသင်းသည် အက်စ်ပန်ညိုအသင်းဂိုးသမား ဂါစီယာကို စာချုပ်လျော်ကြေး ပေါင် ၁၇ သန်းပေးချေကာ အသင်းသို့ ခေါ်ယူလိုနေသည်။

■ စပိန်လာလီဂါပွဲစဉ် (၃၀) မှ မေ ၇ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဗီလာရီးရဲနှင့် ဘီလ်ဘာအိုအသင်းပွဲစဉ်တွင် ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် ပွဲကစားချိန် ၈၃ မိနစ်၌ ဗီလာရီးရဲအသင်းမှ ပီပီဂေရီ အနီကတ်ပြတ်ထုတ်ပယ်ခံခဲ့ရသည်။

■ မိုးဇက် - စုစည်းသည်

## ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၇

အစွန်းရောက် အကြမ်းဖက်သမားများသည် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များအား ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူ သွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် လူနေအိမ်များအား ဖောက်ခွဲရေးပစ္စည်းကိရိယာများ အသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးတိုက်နယ်ဆေးရုံသို့ မိုင်းပေါက်ကွဲ ထိမှန်ဒဏ်ရာများဖြင့် အမျိုးသားတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ထန်းတပင်မြို့နယ် ဇရပ်ကြီးကျေးရွာနေ ဦးကျော်ဇင်ထွန်း(၃၈)နှစ်သည် ၎င်း၏နေအိမ်မှ ဘုမ္မတီကျေးရွာအနီးရှိ ဒေသအခေါ် ဘုမ္မတီးချောင်း၌ ငါးများရန် သွားရောက်စဉ် ချောင်းအနီးအရောက် KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ထောင်ထားသည့် နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် ၎င်းတွင် မိုင်းပေါက်ကွဲစထိမှန်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုမှတ်တမ်းဓာတ်ပုံ။

အထက်ပါဖြစ်စဉ်မှ အများပြည်သူ ထိခိုက်စေရန်ရည်ရွယ်၍ မိုင်းထောင်ခဲ့သူ အကြမ်းဖက်အဖျက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၇**

လက်နက်ကိုင်အစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အပြစ်မဲ့အရပ်သားပြည်သူများအား ပြည်သူလူထုအတွင်း အကြောက်တရားများ လွှမ်းမိုးစေရန်လည်းကောင်း၊ ၎င်းတို့နှင့် အမြင်အယူအဆမတူသူ အရပ်သားပြည်သူများအား "သူလျှို၊ ဒလန်၊ သတင်းပေး"ဟုစွပ်စွဲ၍လည်းကောင်း၊ "ငါနှင့်မတူ၊ ငါ့ရန်သူ"ဟူသည့် တစ်ဖက်သတ်အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ ဓား၊ သေနတ်များအသုံးပြု၍ ရက်စက်စွာ လုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်ခြင်းများပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၅ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် နှင်းပုလဲကျေးရွာအနီး၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အမျိုးသားတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနေ ဦးမောင်ဇံ(၆၃)နှစ်သည် ရွှေလှေကျေးရွာမှ နှင်းပုလဲကျေးရွာသို့ တစ်ဦးတည်း ဆိုင်ကယ်ဖြင့် မောင်းနှင်ပြန်လာစဉ် နှင်းပုလဲကျေးရွာအနီးအရောက် အသင့်စောင့်ဆိုင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦး(စိစစ်ဆဲ)က သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ဦးမောင်ဇံတွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့၍ ဆေးကုသနိုင်ရေး ဘီးလင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများအား "ငါနှင့်မတူ၊ ငါ့ရန်သူ" ဟူသည့် တစ်ဖက်သတ် အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

## မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦး သေဆုံး

**နေပြည်တော် မေ ၇**

လက်နက်ကိုင် အစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အပြစ်မဲ့ အရပ်သားပြည်သူများအား ပြည်သူလူထုအတွင်း အကြောက်တရားများလွှမ်းမိုးစေရန်လည်းကောင်း၊ ၎င်းတို့နှင့်အမြင်အယူအဆမတူသူ အရပ်သား ပြည်သူများအား "သူလျှို၊ ဒလန်၊ သတင်းပေး" ဟုစွပ်စွဲ၍လည်းကောင်း၊ "ငါနှင့်မတူ၊ ငါ့ရန်သူ"ဟူသည့် တစ်ဖက်သတ် အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ ဓား၊ သေနတ်များ အသုံးပြု၍ ရက်စက်စွာ လုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၆ ရက် မွန်းလွဲ ၃ နာရီ ၅၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ ကျည်ထိမှန်ဒဏ်ရာများဖြင့် သေဆုံးနေသည့် အမျိုးသားတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဆိပ်ဖြူမြို့နယ် ချင်တောင်ကျေးရွာနေ ဦးမန်း(ခ) မန်းရင် (၆၉) နှစ်သည် ၎င်း၏ နေအိမ်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမား လေးဦး (စိစစ်ဆဲ)က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ဦးမန်း(ခ) မန်းရင်တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦး သေဆုံးမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများအား "ငါနှင့်မတူ၊ ငါ့ရန်သူ"ဟူသည့် တစ်ဖက်သတ် အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦး သေဆုံး



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှုကြောင့် အပြစ်မဲ့ အရပ်သားပြည်သူတစ်ဦး သေဆုံးမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မေ ၇**

လက်နက်ကိုင်အစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အပြစ်မဲ့အရပ်သားပြည်သူများအား ပြည်သူလူထုအတွင်း အကြောက်တရားများ လွှမ်းမိုးစေရန်လည်းကောင်း၊ ၎င်းတို့နှင့် အမြင်အယူအဆမတူသူ အရပ်သားပြည်သူများအား "သူလျှို၊ ဒလန်၊ သတင်းပေး"ဟုစွပ်စွဲ၍လည်းကောင်း၊ "ငါနှင့်မတူ၊ ငါ့ရန်သူ"ဟူသည့် တစ်ဖက်သတ်အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ ဓား၊ သေနတ်များအသုံးပြု၍ ရက်စက်စွာ လုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်ခြင်းများပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ အမှတ်(၃)ရပ်ကွက်၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရပ်ကွက်နေ ဦးအောင်စိုး(၅၇)နှစ်သည် ၎င်း၏ နေအိမ်၌ ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ် ဖြင့် ပစ်ခတ်သတ်ဖြတ်သွားခဲ့သဖြင့် ဦးအောင်စိုးတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့အပြစ်မဲ့အရပ်သားပြည်သူများအား "ငါနှင့်မတူ၊ငါ့ရန်သူ"ဟူသည့် တစ်ဖက်သတ် အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်မှု ကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၄၊ စီမံကိန်း(၂)၊ လူနေရပ်ကွက်အမှတ် စီမံကိန်း(၂)၊ မြဝတီလမ်း၊ မြေကွက်အမှတ်(၂၆၂)၊ ဧရိယာပေ (၅၈x၆၂)၊ ၀ ဒသမ ၀၇၈ဧကရှိဒေါ်တင်မြင့် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော မြေပေ (၁၀x၆၀) ဂရန်မိတ္တူမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကြသူ ဒေါ်တင်တင်လှိုင် ၁၂/သဃက(နိုင်)၁၈၂၉၅၇ အပါအဝင် မောင်နှမတစ်စုတို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသောအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၃၇၂၅၅၂၀**

## အများသိစေရန်ကြော်ငြာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ညောင်ပင်ဈေးရပ်ကွက်၊ (၄)လမ်းရှိ အလျား ၁၂၀ပေxအနံ၁၅ပေရှိ အိမ်နှင့်ခြံမြေကို ဒေါ်ကြန်ရင် ၁၄/ဇလန(နိုင်)၀၀၉၃၂၉ မှတရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း မြွက်ဟကြော်ငြာအပ်ပါသည်။

အထက်ပါဒေါ်ကြန်ရင် ပိုင်ဆိုင်သော အိမ်နှင့်ခြံမြေကို အခြားမည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စန်းနွယ်(LL.B)တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၄၅၉၊ ရန်ရှင်းလမ်း၊ ဆကာရပ်ကွက်၊ ဟင်္သာတမြို့**
**ဖုန်း-၀၉-၄၀၁၅၃၈၈၄၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၇)၊ အမှတ်(၂၀)ရပ်ကွက်၊ သိပ္ပံလမ်း၊ မြေကွက်အမှတ်(၁၄၈၅/ခ)၊ မြေအကျယ် ပေ(၂၀x၆၀) (ဦးဝင်းထွန်း အမည်ပေါက်မြေချပါမစ်)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်စာချုပ်များဖြင့် တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်နုနုအေး ၁၂/သခန(နိုင်)၁၂၈၀၄၆မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်ဝင်းရီ ၁၁/အမန(နိုင်)၀၅၁၂၇၄ က ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်တင်ဝင်းရီ | ဒေါ်ညိုမာထွေး(LL.B) |
| ၁၁/အမန(နိုင်)၀၅၁၂၇၄ | တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၆၇၂) |
| | အမှတ်(၇၉/ခ)၊ ခရေလမ်း၊ (၁၅)ရပ်ကွက်၊ |
| | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် |
| | ဖုန်း-၀၉-၄၂၀၂၉၄၀၀၄ |

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ လူနေရပ်ကွက်အမှတ်(၁၉)၊ စံပယ်လမ်း၊ အမှတ်(၁၁၃/က)၊ အကျယ်အဝန်း ပေ (၂၀x ၆၀)ရှိ ဒေါ်ဖြူလှဝင်းအမည်ပေါက် နှစ် (၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအရောင်းအဝယ်နှင့် စပ်လျဥ်း၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်ပါလိပ်စာရှိ မြေနှင့်အဆောက်အအုံတို့အား ဆက်စပ်စာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်လာခဲ့ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ဦးထွန်းထွန်းဦး ၁၄/မအပ(နိုင်)၁၉၆၃၈၇ထံမှ ဒေါ်ရီရီကျော်လွင် ၁၂/ကမရ(နိုင်)၁၅၇၆၉၅က အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူ မည်သူမဆိုတို့က ယနေ့မှစ၍ (၁၄) ရက်အတွင်း စာရွက်စာတမ်း ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်အိအိဖြူ | ဒေါ်ယုမွန်သန့် |
|---|---|
| တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၄၈၀) | တရားလွှတ်တော်ရှေ့နေ(စဥ်-၁၉၄၆၅) |
| LL.B, DLP, WIPO(Switzerland) | LL.B |

**အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၆၃၈၀၈၇၉၁**

## ကိုဇော်မျိုးသိန်းနှင့်အများသိစေရန် ကြေညာခြင်း

မုံရွာမြို့၊ မြဝတီရပ်ကွက်၊ သုခလမ်းနေ ဦးလှခိုင် ၅/မရန(နိုင်)၀၅၉၉၉၉ နှင့် ဒေါ်ခင်ဝင်း၅/မရန(နိုင်)၀၅၄၂၅တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကိုဇော်မျိုးသိန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

သားဖြစ်သူ ကိုဇော်မျိုးသိန်း ၅/မရန(နိုင်)၁၉၀၇၀၀သည် မိဘ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ နေအိမ်မှထွက်ခွာပြီး မိဘခွင့်မလွှတ်နိုင်သော အပြုအမူများ ပြုလုပ်နေသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ငွေကြေးကိစ္စအပါအဝင် မည်သည့် ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ သားအဖြစ်မှ စွန့်လွှတ်ပြီး ဖြစ်၍ ဦးလှခိုင်နှင့် ဒေါ်ခင်ဝင်းတို့ ပိုင်ဆိုင်သည့် ပစ္စည်းများအား ကိုဇော်မျိုးသိန်းမှ ယူဆောင်ခြင်း၊ ဖျက်ဆီးခြင်း၊ စိတ်ငြိုငြင်စေခြင်းတို့ ပြုလုပ်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ကိုဇော်မျိုးသိန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှခိုင်၊ ဒေါ်ခင်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်ဝါဝါဝင်း | ဒေါ်ဝင်းသူဇာ |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဥ်- ၈၈၁၄/၂၀၁၃) | (စဥ်- ၁၁၂၇/၂၀၁၆) |
| ရတနာပုံရပ်ကွက်၊ မုံရွာမြို့ | ကန်သာဦးရပ်ကွက်၊ မုံရွာမြို့ |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ ပြည်ထောင်စု(၂)လမ်းရှိ ကွင်း/ အကွက်အမှတ်နှင့်အမည် (၃၃၄-က ကွေ့ကြီးအရှေ့မြောက်)၊ ဦးပိုင်အမှတ် (၇၀/၂)၊ ဧရိယာ ၁ ဒသမ ၀၀ဧကရှိ ဒေါ်ခင်သိန်းမြ အမည်ဖြင့် လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ပုံစံ ၁၅(က)ရရှိထားသော ဝင်းမြေဖြစ်ပြီး အဆိုပါ ဝင်းမြေကွက်ထဲမှ အလျား ပေ၈၀၊ အနံ ပေ၄၀ရှိ ဝင်းမြေနှင့် ဝင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ အရပ်ကတိစာချုပ်ဖြင့် လက်ရှိထားဝယ်ယူအကျိုးခံစားလျက်ရှိသည့် ရောင်းချသူ ဦးမျိုးကိုကိုနှင့် ဒေါ်လဲ့လဲ့ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးနိုင် (ဘ)ဦးမြင့်ဆွေ ၅/မရန(နိုင်)၁၇၇၂၀၁ က အပြီးအပိုင်ဝယ်ယူရန် ရောင်းချတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်အထောက်အထား ခိုင်မာစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးစိုးနိုင်၏ လွှဲအပ်ချက်အရ-**

**ဦးထက်အောင်သန့် (LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်-၉၈၃၄)**
**ဒေါနခြံရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း-၀၉-၉၇၆၉၆၄၃၃၃**

## အများသိစေရန် ကြေညာခြင်း

ကန်ကြီးထောင့်မြို့နယ်၊ ကျူတန်းရိုးကြီးကျေးရွာအုပ်စု၊ ကျူတန်းရိုးကြီးကျေးရွာနေ ကိုစည်သူဦး ၁၄/ကကထ(နိုင်)၂၁၅၃၅၈၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ကိုစည်သူဦးသည် အစ္စလာမ်ဓလေ့ထုံးတမ်းနှင့်အညီ မဖြူနှင်းဝေနှင့် (၂၀၂၀)ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သားတစ်ဦးမွေးဖွားထွန်းကားခဲ့ပါသည်။ (၂၀၂၂)ခုနှစ်တွင် မဖြူနှင်းဝေသည် ကျွန်ုပ်၏အမှုသည် ကိုစည်သူဦးနှင့် ပြဿနာတစ်စုံတစ်ရာမရှိဘဲ ကိုစည်သူဦးနှင့်သားဖြစ်သူ မောင်သူရိန်ဦးတို့အား ရက်စက်စွာ စွန့်ပစ်ထားခဲ့ပြီး စင်္ကာပူနိုင်ငံသို့ ထွက်သွားခဲ့ပါသည်။ ထို့အပြင် မဖြူနှင်းဝေသည် Facebook လူမှုကွန်ရက်ပေါ်တွင် Angle Queen အကောင့်ဖြင့် ကျွန်ုပ်၏ အမှုသည် ကိုစည်သူဦးနှင့် ၎င်း၏မိဘညီအစ်ကိုမောင်နှမများအား ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန်ရေးသား၍ post တင်ခဲ့သည်ကို တွေ့ရသည့်အပြင် ၎င်း၏ TikTok အကောင့် တွင်လည်း အခြားအမျိုးသားတစ်ဦးနှင့် ချစ်ကြိုက်နေသည့် အပြန်အလှန်ပြောဆိုရေးသားမှုများတွေ့ရပါကြောင်း ကိုစည်သူဦး၏ ပြောကြားချက်အရ သိရှိရပါသည်။

ထို့ကြောင့် ကျွန်ုပ်၏အမှုသည် ကိုစည်သူဦးသည် ၁၄-၃-၂၀၂၅ ရက်၊ ညနေ ၄:၃၀ နာရီတွင် မဖြူနှင်းဝေအား အစ္စလာမ်သာသနာတော်နှင့်အညီ သွလာက်ကေဘာအင်န်အပြီးအပြတ် ပေးလိုက်ပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး အကြင်လင်မယားအဖြစ် ပတ်သက်ခြင်းမရှိတော့ပါကြောင်းနှင့် မဖြူနှင်းဝေသည် သားဖြစ်သူ မောင်သူရိန်ဦးနှင့်လည်း ယနေ့ကြော်ငြာပါသည့်အချိန်မှစ၍ လုံးဝပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ - | လွှဲအပ်ညွှန်ကြားချက်အရ - |
|---|---|
| ကိုစည်သူဦး | ဒေါ်ဇင်သန္တာဖြူ ( LL.B ) |
| ၁၄/ကကထ(နိုင်)၂၁၅၃၅၈ | တရားလွှတ်တော်ရှေ့နေ |
| | ( စဥ် - ၁၂၀၄၁ / ၁၄ -၂ -၂၀၁၇) |
| | အမှတ်(၃၇/၄)၊ သစ္စာလမ်း၊ ပုသိမ်မြို့ |

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ကြီးကုန်း(ပျဉ်း)ကျေးရွာအုပ်စု၊ ဒိုးဝိုင်းချောင်းကျေးရွာရှိ ကွင်း/အကွက်အမှတ် ၈၃၃/ခ၊ ဒိုးဝိုင်း၊ ဦးပိုင်အမှတ် ၇၉၄/၁၉၃၄၊ မြေဧရိယာ ၀ ဒသမ ၂၁၅ ဧကအား ဦးကျော်မိုးထွန်း ၅/မရန(နိုင်)၁၂၈၅၉၃ မှကျေးရွာမြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မိုးထွန်း ၅/မရန(နိုင်)၁၂၈၅၉၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/58703 Honda C90 Custom CMN M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြည်စိုး ၅/မရန(နိုင်)၀၈၉၀၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၉၁၉၈၅ DYK 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဦး ၅/မမန(နိုင်)၀၃၆၈၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ မြေတိုင်းအမှတ်(၁၈)၊ မြေကွက်အမှတ်(၃၀၉)၊ မြေဧရိယာ ၀ ဒသမ ၀၆၂ဧက အကျယ်အဝန်းရှိ ဦးသန်းအောင်အမည်ပေါက် နှစ်(၃၀)ဂရန်ရရှိထားသော ခြံမြေကွက်နှင့် ၎င်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သစ်တိုင်၊ အုတ်ညှပ်၊ တစ်ထပ်အိမ်(၁)လုံး (လျှပ်စစ်မီတာ၊ အဝီစိတွင်း၊ အပါအဝင်) အဆိုပါအိမ်နှင့် ခြံမြေကွက်ပေါ်ရှိ သီးပင်စားပင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိပါသည်ဟု တာဝန်ယူအဆိုပြုသည့် ဦးပြည့်စုံထွန်း (ဘ)ဦးထွန်းမြင့် ၇/ပခန(နိုင်)၃၁၆၆၁၄ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သူဇာလှိုင်(ဘ)ဦးကြည်ထွန်း ၇/ကဝန(နိုင်)၁၂၇၇၂၁က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဇေယျာဘုန်းမောင်(LL.B) | ဒေါ်လှမြတ်သူ(LL.B,D.B.L,D.I.L) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဥ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆) | (စဥ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈) |

**အမှတ်(၄၃၃)၊ မှော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့**
**ဖုန်း-၀၉-၄၂၈၁၂၃၉၄၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခိုင်တင်ထွန်း ၅/ကလထ(နိုင်)၀၁၂၈၁ ၏ ပတ်စ်ပို့နံပါတ် (MJ-821651)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၀၀၇၆၅၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ လက်ပန်ခြေပေါ်အုပ်စု၊ ကုက္ကိုကုန်းကျေးရွာနေ ဦးခင်ဇော်ဝင်း ၉/ညဥန(နိုင်)၀၈၉၈၅၀၏ ဖခင်အမည်မှာ ဦးအောင်စီ(ခ) ဦးအောင်စည်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်စီ (ခ) ဦးအောင်စည်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၅၀၉၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်သူ ၁၀/မလမ(နိုင်)၂၄၇၁၈၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် S/6620 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်မင်း ၅/ကကန(နိုင်)၁၃၀၁၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/81700 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရဲနိုင် ၅/ခဥတ(နိုင်)၁၀၁၇၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဓမ္မာ(၃)လမ်း၊ အမှတ် (၁၀၇၅)နေ ဒေါ်ယဉ်နွဲ့ (ဘ)ဦးသိန်းမြင့် ၁၂/ဥကမ(နိုင်)၀၄၅၀၁၃ မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပင်လုံ လမ်း၊ အမှတ်(၉၀၉)နေ ဒေါ်သင်းသင်းနိုင် (ဘ)ဦးချစ်မောင် ၁၂/စခန(နိုင်)၀၂၂၈၂၅ အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၄-၂-၂၀၂၂ ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၅၀၆/၂၀၂၂)ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်နွဲ့**
**၁၂/ဥကမ(နိုင်)၀၄၅၀၁၃**
**ဖုန်း-၀၉-၉၆၇၁၇၅၁၉၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ မဟာစည်တိုးချဲ့ရပ်၊ အကွက်အမှတ်(၉-ပ)၊ အကွက်အမည် (မဟာစည်တိုးချဲ့)၊ မြေကွက်အမှတ်(၂၈)ချထားပေးမြေကွက်အမှတ်(၅၁၄)ကို မိတ္ထီလာမြို့၊ စလစနေ တပ်ကြပ်ကြီး စာရေးဝင်းမြင့်အား မြို့နယ်စုမြို့တိုးချဲ့ရပ်ကွက် ဖော်ထုတ်ရေးဦးစီးကော်မတီ မိတ္ထီလာမြို့နယ်စု၊ မိတ္ထီလာမြို့မှ ချထားပေးခဲ့ရာ အဆိုပါချထားပေးခဲ့သော မြေကွက်၏မြေပေးမိန့်မှာ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်မိတ္တူမှန် ပြန်လည်ထုတ်ပေးနိုင်ပါရန် ၎င်းမြေကွက်ပေါ်တွင် လက်ရှိနေထိုင်သူ ဦးဇော်မင်းမှ တင်ပြလာမှုနှင့်ပတ်သက်၍ မြေပေးမိန့်မိတ္တူမှန် ထုတ်ပေးနိုင်ရေးအတွက် ကန့်ကွက်လိုသူများရှိပါက ကန့်ကွက်နိုင်ပါကြောင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများ ယူဆောင်လာ၍ ဤကြော်ငြာစာပါသည့်ရက်မှ တစ်ပတ်အတွင်း မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူများမရှိပါက မြေယာဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးသွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ အဝေရာ(၂)လမ်း၊ အမှတ်(၂၅)တွင်မြဲနေထိုင်လျက်ရှိသော ဒေါ်စန်းစန်းအုန်း ၁၂/မဂဒ(နိုင်)၀၂၅၉၉၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဒဟတ်ကုန်းကျေးရွာ၊ ဈေးကုန်းအုပ်စု၊ ရွာဦးဘုန်းကြီးကျောင်းဘေး၌ တည်ရှိသော ပေ(၆၀x၉၀) ကျယ်ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် တစ်ထပ်ခွဲတိုက်အိမ်(၁)လုံး ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အားလုံးသည် အထက်ပါ ဒေါ်စန်းစန်းအုန်းတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်းနှင့် ၎င်း၏သဘောတူခွင့်ပြုချက်မရှိဘဲ ခြံမြေနှင့်နေအိမ်ကို လွှဲပြောင်းရောင်းချပေါင်နှံထုခွဲအငှားချထားခြင်းမပြုလုပ်ရန် တားမြစ်အသိပေးအပ်ပါသည်။ ဖောက်ဖျက်ကျူးလွန်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မြင့် B.A(Phijo)H.G.P အထက်တန်းရှေ့နေ(စဥ်-၁၃၅၉၉/၁၉၈၆)**
**ယုဇနလမ်း၊ ဥပ္ပံစုရပ်ကွက်၊ တိုက်ကြီးမြို့**
**ဖုန်း-၀၉-၄၂၁၀၂၆၈၄၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သုံးခွမြို့၊ အထက(၁)၊ ကျောင်းအုပ်ဆရာကြီး ဦးမြင့်သိန်း၏ ဖခင် ဦးကျော်ညိမ်း(ခ)ဦးကျော်ငြိမ်း ၁၂/သခန(နိုင်)၀၀၃၂၅၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နေ(ဘ)ဦးအောင်ထအောင်၏သမီး မချောစုလင်းအား ယနေ့မှစ၍ မဆုမေဘယ်လ်နိုင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/5781 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG-79W/99399 Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်အောင်၅/မရန(နိုင်)၄၅၅၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/14201 Honda 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းညို ၅/ယမပ(နိုင်)၀၂၄၈၃၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)**

## မိဘအမည်မှန်

ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ အထက မြင်းကကုန်းကျောင်းမှ မအိမ့်သဒ္ဒါခန့်၏ မိဘအမည်မှန်မှာ ဦးဝင်းမြင့် - ဒေါ်မြကြည် ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြို့သစ်ရပ်ကွက်၊ ဦးမြတ်လေးလမ်းနေ ဒေါ်စန်းစန်း ၆/မပဂ(နိုင်)၀၁၈၁၄၁ ပိုင်"ဓွဲမာန်ထက်" ကုန်တင်ရေယာဉ်၏ လုပ်ငန်းလိုင်စင်မူရင်းမှာ လုပ်ငန်းခွင်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၄၂၀၂၈၈၅၃၃**

## BST4 TICKET ပျောက်ဆုံး

မရမ်ကုန်းမြို့ (၃)ရပ်ကွက်နေ (ဘ)ဦးကျော်ဆွေသန်း၏ သား မောင်ဘုန်းမြင့် ၁၂/မရက(နိုင်)၁၈၇၆၁၃ ၏ BST4 TICKET ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၁၀၈၂၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၈၈၉၃ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဌေး ၅/မရန(နိုင်)၀၃၃၆၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)**

GGI NIPPON LIFE အသက်အာမခံ

## “ငလျင်သဘာဝဘေးကြောင့်ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄)နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ခြင်း”

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော ငလျင်သဘာဝဘေးကြောင့် မမျှော်လင့်ဘဲ အသက် အိုးအိမ်နှင့် အခြေခံအဆောက်အအုံ ဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ပါသည်။ ထို ငလျင်သဘာဝဘေးကြောင့် ထိခိုက်ခံစားရသူများအားလုံးနှင့် အတူ GGI Nippon Life အသက်အာမခံမှ ထပ်တူစိတ်မကောင်းခြင်းဖြင့် ဝမ်းနည်းမိပါသည်။

ငလျင်သဘာဝဘေးအန္တရာယ် ကြုံတွေ့မှုမှဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုများနှင့် အခြားသော အာမခံ အကျိုးခံစားခွင့်များကို အမြန်ဆောင်ရွက်ပေးနိုင်ရန် GGI Nippon Life အသက်အာမခံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

ငလျင်သဘာဝဘေး အန္တရာယ်ကြုံတွေ့သောဒေသတွင် နေထိုင်သည့် Customer များအတွက် အာမခံ ပရီမီယံပုံမှန်ဆောင်ရွက်လျက်ရှိသည့်ရက်ကို (၆)လ တိုးမြှင့် ရွှေ့ဆိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ထို့အတူ စုငွေအသက်အာမခံထားရှိသည့် Customer များ၏ အရေးပေါ် လိုအပ်ချက်ကို ဖြည့်ဆည်းရန် အတွက် ပေါ်လစီချေးငွေထုတ်ယူနိုင်သည့် သက်တမ်းဖြစ်ပါက ချေးငွေအမြန်ထုတ်ယူနိုင်ရန်စီစဉ်ထားရှိပါသည်။

အာမခံအကျိုးခံစားခွင့်နှင့် အာမခံဝန်ဆောင်မှုများအတွက် အောက်ဖော်ပြပါ Customer Care Help Line များမှ တစ်ဆင့် ၂၄ နာရီ ပိတ်ရက်မရှိ ဆက်သွယ် ဆောင်ရွက်နိုင်ပါသည်–

ဖုန်းနံပါတ် – 09–400083003, 09–400083004, 09– 942587788, 09–664969238

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Grand Guardian Nippon Life Insurance Co., Ltd.**

GGI TOKIO MARINE GENERAL INSURANCE

## ငလျင်အာမခံ ဆုံးရှုံးမှုနှင့်ပတ်သက်၍ (၂၄ နာရီ) ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း

၂၈–၃–၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် မွန်းလွဲ (၁၂) နာရီ (၅၁) မိနစ်ခန့်တွင် လှုပ်ခတ်ခဲ့သော ငလျင်ကြီးသည် နှစ်တစ်ရာတွင် တစ်ကြိမ်မျှ ပေါ်ပေါက်လေ့ရှိသော အင်အားပြင်းထန်သည့် မြေငလျင်ကြီး (Mega Earthquake) ဖြစ်ပါသည်။ ထိုမျှ ပြင်းထန်သော မြေငလျင်ကြီးကြောင့် လူ့အသက်ဆုံးရှုံးခြင်း၊ ခန္ဓာကိုယ်ထိခိုက်ခြင်း၊ အိုးအိမ်ပစ္စည်းဆုံးရှုံးခြင်း၊ အိုးအိမ်မဲ့ဖြစ်ခြင်းများ ကြုံတွေ့နေရသည်ကို GGI Tokio Marine General Insurance Company မှ စိတ်နှလုံးညှိုးချုံးပြီး အလွန်ဝမ်းနည်းစွာ တွေ့မြင်ခံစားရပါသည်။

ဤပျက်စီးဆုံးရှုံးမှုများအတွက် ငလျင်အန္တရာယ်အာမခံထားသူများအား ငလျင်အန္တရာယ်အာမခံနှင့် လျော်ညီသည့် လျော်ကြေးများကို အမြန်ဆောင်ရွက်နိုင်ရန် “GGI Tokio Marine General Insurance Company”၏ ဝန်ထမ်းများက ကြိုးပမ်းလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။ အာမခံထားရှိထားသော Policy Holder များ၏ အဆောက်အဦများနှင့် ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုရှိပါက ကျွန်တော်များ အာမခံကုမ္ပဏီသို့ အမြန်ဆုံး ဆက်သွယ်ပေးကြပါရန် အထူးမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။ လျော်ကြေးဝန်ဆောင်မှုများအား အမြန်ဆုံး ရရှိနိုင်ရန် အောက်ဖော်ပြပါ ဖုန်းနံပါတ်များကို (၂၄နာရီ) ခေါ်ဆို ဆက်သွယ် အကြောင်းကြား ဆောင်ရွက်နိုင်ပါသည်–

ဖုန်းနံပါတ် – 09–883002446,09–883002447

လူကြီးမင်းတို့အားလုံး ဘေးကင်းလုံခြုံကြပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**GGI Tokio Marine General Insurance Co., Ltd.**




### ငြင်းချက်ထုတ်ရန်ဆင့်စာ
### ( တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊နည်းဥပဒေ ၂၀)
### ကျိုင်းတုံခရိုင်တရားရုံးတော်
### ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်–၃

၁။ ဦးအိုက်ဆိုင် **နှင့်** ဒေါ်နန်းဟုန်
၂။ ဒေါ်နန်းနွန်း
**တရားလိုများ** **တရားပြိုင်**

အမှတ်(၄)ရပ်ကွက်၊ နောင်လိတ်ရပ်၊ ကျိုင်းတုံမြို့ (ယခုနေရပ်လိပ်စာမသိ) နေ ဒေါ်နန်းဟုန် သိစေရမည်။

သင့်အပေါ်၌၊ ၁။ ဦးအိုက်ဆိုင်၊ ၂။ ဒေါ်နန်းနွန်းတို့က ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၅ ရက်(၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ(၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၃ရက်၌ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စည်သူဝင်း)**
**ခရိုင်တရားသူကြီး**
**ကျိုင်းတုံခရိုင်တရားရုံး**

### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
### စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် အသုံးပြုရန် တာယာဆိုဒ်စုံ(၁၀)မျိုး (၂၇၄)လုံး၊ ဘက်ထရီမျိုးစုံ (၅)မျိုး (၂၂၁)လုံးနှင့် ယန္တရားအပိုပစ္စည်း(၄)မျိုးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဝယ်ယူမည်ဖြစ်၍တင်ဒါလျှောက်လွှာတစ်စုံလျှင် ငွေကျပ် ၁၀၀၀၀/–နှုန်းဖြင့် ၆၂လမ်း၊ (၁၀၆လမ်း x ၁၀၇ လမ်းကြား) စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင် (၇–၄–၂၀၂၅ မှ ၁၁–၄–၂၀၂၅)ရက်ထိ ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့် အိတ်ဖွင့်တင်ဒါများအား (၇–၅–၂၀၂၅)ရက်၊ နံနက် (၀၉:၀၀) နာရီတွင် စက်ရုံနှင့်မော်တော်ယာဉ်ဌာန၌ ဖွင့်ဖောက်ရွေးချယ်သွားမည် ဖြစ်ပါသည်။

၂။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဌာနမှူး၊စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (ဖုန်း–၀၉–၄၀၄၇၂၀၄၀၀၊ ၀၉–၄၀၂၅၂၆၂၆၀)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဦးနိုင်သက်ဝင်း ၁၃/ညရန(နိုင်)၁၂၆၇၁၂နှင့် အများသိစေရန် အသိပေးကြေညာခြင်း

တောင်ကြီးခရိုင်၊ ကျောက်တလုံးမြို့နယ်ခွဲ၊ ဆောင်းဖိုတောင်ရွာတွင် နေထိုင်သော ဒေါ်သီသီထွန်း ၇/ပမန(နိုင်) ၁၅၇၆၉၄နှင့် မူဆယ်မြို့၊ စွမ်စော်(၁)လမ်းနေ ဦးနိုင်သက်ဝင်း ၁၃/ညရန(နိုင်)၁၂၆၇၁၂တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ကြရာ ယခုအချိန်တွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့်(၅–၄–၂၀၂၅)ရက်တွင် နှစ်ဦးသဘောတူဆန္ဒအရ စိတ်ကြည်ဖြူစွာဖြင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိပြုစာချုပ်ကို အသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပြီးဖြစ်သည့်အတွက်ဦးနိုင်သက်ဝင်းနှင့်ပတ်သက်သည့်စီးပွားရေးလူမှုရေးငွေရေးကြေးရေးကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့သည် ဒေါ်သီသီထွန်းနှင့်ပတ်သက်ခြင်း၊ သက်ဆိုင်ခြင်း၊ ဆက်နွှယ်ခြင်းမရှိတော့ပါကြောင်း ဦးနိုင်သက်ဝင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီသီထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပန်းအဉ္စလီကျော်(LLB) အထက်တန်းရှေ့နေ(စဉ်–၅၄၃၀၈)**
**အမှတ် ၃၃၊ ကန်သာရပ်၊ညောင်ရွှေမြို့**
**ဖုန်း – ၀၉–၇၇၆၇၅၄၄၂၀၊ ၀၉–၂၅၉၃၂၁၁၇၇**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကွမ်လှာကျေးရွာနေ ဦးလှမောင် ၁၀/မဒန(နိုင်)၂၃၆၂၂၀နှင့် ဒေါ်ပက် ၁၀/မဒန(နိုင်)၂၆၄၁၈၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးလှမောင်နှင့် ဒေါ်ပက်တို့၏သား ဖြစ်သူ မွန်ပြည်နယ်၊ မုဒုံမြို့နယ် ကွမ်လှာကျေးရွာမြောက်ပိုင်းနေ ဦးညိမ်းအောင် ၁၀/မဒန(နိုင်)၁၂၉၁၀၆သည် မိဘများ၏ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပန်းအိဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၉၁၉)**
**အမှတ်(၂၀)၊ ပဒုမ္မာလမ်း၊ ကြာကန်ရပ်ကွက်**
**သံဖြူဇရပ်မြို့။**

### အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ လမ်းမတော်ရပ်ကွက်၊ အိမ်အမှတ်(၃၇)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းဆွေ ၁၃/တကန(နိုင်)၁၄၉၈၈၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ကြက်ခြံကုန်း၊ အမှတ်(၅/၁၈၂)ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံတို့ကို ကျွန်ုပ်မိတ်ဆွေသည် ဒေါ်ညိုမြင့်ထံမှ အရစ်ကျပေးချေ၍ ဝယ်ယူခဲ့ရာ၌ မြေနှင့်အဆောက်အအုံအတွက် ပေးချေရန် တန်ဖိုးငွေ၏ (၃)ပုံ (၁)ပုံသာ ကျန်ရှိလျက်ရှိပါသည်။ သို့ပါ၍ ထိုမြေနှင့် အဆောက်အအုံတို့၏ ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူတို့၏တာဝန်သာဖြစ်ကြောင်း၊ ပြုလုပ်မှုများရှိခဲ့ပါက ပြုလုပ်သူအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သင်းသင်းဆွေ**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစန္ဒာဝင်း(ခ)နန်းစီခမ်း**
**(LL.M(Ygn),DL–101)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၄၆၅)**
**မယ်ခေါင်ရပ်ကွက်၊ တာချီလိတ်မြို့၊**
**ဖုန်း–၀၉–၅၂၄၀၅၆၄**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/40440, Honda ADV 150 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းအိုက်ထွန်း ၁၃/မဝတ (နိုင်)၀၇၉၄၃၁ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/4354, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဦး ၉/ဝတန (နိုင်)၁၀၄၃၆၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

### ဖခင်အမည်မှန်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပညာ့ပန်းတိုင် ကိုယ်ပိုင်ကျောင်း Grade–9 တွင် ပညာသင်ကြားနေသော မဂျူးစံသော် ၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင်ဝင်း ၈/တတက(နိုင်)၀၉၀၄၂၃ ဖြစ်ပါကြောင်း။ **ဦးသိန်းနိုင်ဝင်း**

### အမွေစားအမွေခံသမီးအဖြစ်မှ မွေးစားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ဦးအောင်အောင် ၁၃/လရန(နိုင်) ၁၅၅၇၂၃၏သမီး မဟန်နီဖြိုးသော်အား အဘိုးဖြစ်သူ ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ တောင်ပိုင်းရပ်ကွက် နေ ဦးသိန်းဝင်း ၇/ပမန(နိုင်) ၀၆၆၂၆၂က (၁၉–၃–၂၀၂၅) ရက်တွင် သက်ဆိုင်ရာ ရပ်ကွက်လူကြီးအသိသက်သေများရှေ့မှောက်၌ အမွေစားအမွေခံသမီးအဖြစ် မွေးစားထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(အဘိုး)ဦးသိန်းဝင်း**

### ပြင်ဆင်ဖတ်ရှုပါရန်

၆–၄–၂၀၂၅ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀) ကညန ဘားအံမြို့၏ ယာဉ်အမှတ် 83W/7896 မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် လျှောက်ထားခြင်း ကြော်ငြာတွင် မှတ်ပုံတင်အမှတ် ၄/ဘအန(နိုင်) ၁၆၉၈၂၈ အစား ၃/ဘအန(နိုင်) ၁၆၉၈၂၈ ဟုပြင်ဆင်ဖတ်ရှုပါရန်။

**စာအုပ်စာပေ**
**လူ့မိတ်ဆွေ**

**ဇီဝမျိုးစုံမျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ရေ ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - (၈-၄-၂၀၂၅)ရက်(အင်္ဂါနေ့)မှ (၂-၅-၂၀၂၅)ရက်(သောကြာနေ့)အထိ

(ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - (၅-၅-၂၀၂၅)ရက်(တနင်္လာနေ့) ညနေ ၄ နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့် နေရာ** - ပြည်နယ်ဦးစီးမှူးရုံး၊ မွန်ပြည်နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ် သိရှိလိုပါက မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ အရာတော်(၂)လမ်းထိပ်၊ တောင်ဝိုင်းလမ်း၊ မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၀၂၄၀၈၅၊ ၀၅၇-၂၀၂၄၃၆၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွန်ပြည်နယ်**

## အများသိစေရန်ကြေညာခြင်း

Nice Fare To Good Value

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်သည် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်အမှတ်(၈)၊ အခန်း(၁၀၂)၊ ကန်တော်ကြီးရိပ်မွန်အိမ်ရာ၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် Nice Fare Travel Company Limited အမည်ဖြင့် ရုံးခန်းဖွင့်လှစ်ထားရှိပါသည်။

Nice Fare Travel Co., Ltd. သည် မြန်မာအမျိုးသားပိုင် ကုမ္ပဏီဖြစ်ပြီး၊ Directorate of Investment and Company Administration (DICA) တွင် Company Registration No. 105137427ဖြင့် တရားဝင် မှတ်ပုံတင်လိုင်စင်ရရှိထားသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

Nice Fare Travel Co., Ltd. ၏ ကုမ္ပဏီအမည်၊ လူမှုမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်ထားသော Logo(လိုဂို) ကို စီးပွားရေးလုပ်ငန်း မှတ်ပုံတင်ဥပဒေနှင့် သက်ဆိုင်ရာမူပိုင်ခွင့်ဥပဒေများအရ တရားဝင်ထိန်းသိမ်းထားရှိပါသည်။

ယင်းအချက်များနှင့်ပတ်သက်၍ မိမိကုမ္ပဏီ၏ ခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ် (Company Logo)နှင့် လုပ်ငန်းနာမည်(Company Name)အား တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အလွဲသုံးစားပြုခြင်း (ကုန်ထုတ်ခြင်း၊ ကြော်ငြာခြင်း၊ ပုံတူဆင်တူယိုးမှား ပြုလုပ်သုံးစွဲခြင်း သို့မဟုတ် တခြားသောနည်းများဖြင့်အသုံးချခြင်း၊ ငွေကြေးလိမ်လည်ခြင်း)များကို တရားဥပဒေအရ ခွင့်ချက်မရှိသော ချိုးဖောက်မှုအဖြစ် သတ်မှတ်ပါသည်။

ထို့ကြောင့် ယခုတားမြစ်ချက်များအား မည်သူမဆို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက သော်လည်းကောင်း၊ လိမ်လည်မှုများပြုလုပ်ပါက သော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆဲဥပဒေများနှင့်အညီ Nice Fare Travel Co., Ltd,၏ Legal Teamမှ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇာနည်(LL.B.,D.B.L)(စဉ်-၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင် (LL.B)(စဉ်- ၅၂၀၆၄)**
**ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင် (LL.B)(စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြဝတီခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၄

| | |
|---|---|
| ၁။ဦးချမ်းမြေ့အောင် နှင့် | ၁။ ဒေါ်သီတာအောင် |
| ၂။ ဒေါ်ဥမ္မာသင်း | ၂။ ဒေါ်နန်းဝင်းချို |
| | ၃။ ဒေါ်စန်းလွင် |
| **(တရားလိုများ)** | **(တရားပြိုင်များ)** |

မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ၁။ ဒေါ်သီတာအောင်၊ ၂။ ဒေါ်နန်းဝင်းချို၊ ၃။ ဒေါ်စန်းလွင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဦးချမ်းမြေ့အောင်ပါ-၂ဦး က ခြံမြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဧပြီလ ၂၃ရက်(၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်း အပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ် တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည့်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဧပြီလ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးမြင့်ဦး)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၂)၊ ရန်ကုန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၂)မှတာဝန်ယူဆောင်ရွက်လျက်ရှိသည့် (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော(မြို့ပြ) ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါသဖြင့် ပေးသွင်းလိုသူများတင်ဒါ ပေးသွင်း နိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည် ။

၁။ **တင်ဒါလျှောက်လွှာရောင်းချမည့် ရက်နှင့်အချိန်** - ၂၄-၄-၂၀၂၅ရက်၊(ရုံးချိန်အတွင်း)

၂။ **တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန်** - ၂-၅-၂၀၂၅ရက်၊ (ညနေ ၄:၀၀ နာရီ)

၃။ **တင်ဒါ ဖွင့်မည့်ရက်နှင့်အချိန်** - ၆-၅-၂၀၂၅ရက်၊ နံနက်(၁၀:၀၀)နာရီ တင်ဒါဖွင့်မည့်ရက်အပြောင်းအလဲရှိပါကထပ်မံကြော်ငြာပါမည်၊

၄။ **တင်ဒါစိစစ်ရွေးချယ်မည့် နေရာ** - အဆောက်အဦအထူးအဖွဲ့(၂)၊ အစည်းအဝေးခန်းမ၊ ဘော်စင်လမ်း ၊ သုဝဏ္ဏ(၂၄) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦအထူးအဖွဲ့(၂)ဘော်စင်လမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၆၂၅၉၈၊ ၀၉ -၇၄၀၈၀၄၃၃၆သို့(၂၄-၄-၂၀၂၅) ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေဧရိယာ(၀.၀၅၅ ဧက)ရှိ မြေကွက်အမှတ်(ပ-၄၇၀၅)ကို အမည်ပေါက် ဦးအေး(ဘ)ဦးဖိုးဆင် ၉/ပမန(နိုင်)၀၅၃၆၆၁မှ ဦးခင်မောင်စိုး၊ ဒေါ်စောဥမ္မာ(ဘ)ဦးသောင်းစိန်၊ ဦးစိုးသိန်း ၁၂/ဗတထ(နိုင်)၀၀၅၈၃၉၊ ၁၂/ဥကတ(နိုင်)၀၃၆၂၀နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းနောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/58502, Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဆွေ ၁၁/ကမန(နိုင်)၀၂၇၆၀၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/21885 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင်မိုး ၇/ကဝန(နိုင်)၁၉၃၂၇၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21W/24751 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်မင်း ၇/ဝမန(နိုင်)၀၈၄၉၀၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/53801 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူ ၇/ဝမန(နိုင်)၁၂၄၀၈၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့**
**သဘာဝ တောတွေ ထိန်းသိမ်းစို့**




## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ဦးခင်မောင်ချိုနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ဘုရင့်နောင်လမ်းသွယ် (၃) လမ်း၊ အမှတ်(၁၇၉)နေ ဒေါ်နွဲ့နွဲ့ဝင်း (ဘ) ဦးသာဝေ ၇/ပခန(နိုင်)၁၅၇၉၅၂က ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း (အပေါ်ဘလောက်)၊ အမှတ်(၂၇၄)နေ ဦးခင်မောင်ချို (ဘ)ဦးမောင်လှ ၁၄/နေဖ(နိုင်)၀၈၉၆၁၂သို့ မြေပိုင်ဆိုင်မှုပြန်လည်ရရှိရေးဆောင်ရွက်ရန်အတွက် (၂-၁၀-၂၀၂၄) ရက်တွင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်နေ နိုတြီပဗ္ဗလစ် ဦးထွန်းရှင်ထံ၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၈၅/၁၀/၂၀၂၄)ဖြင့် လွှဲအပ်ထားပါသည်။ သို့ရာတွင် ဒေါ်နွဲ့နွဲ့ဝင်း၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်း မတွေ့ရသည့်အတွက် ဤကြေညာပါသည့်ရက်မှစ၍ ဦးခင်မောင်ချိုအား အထူးကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယောဒန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၂၀)**
**အမှတ်(၃/၁၀)၊ အနော်ရထာလမ်း၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ ပဲခူးမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၃၆)၊ ဦးပိုင်အမှတ်(၁၃၁/ဃ)၊ မြေဧရိယာ(၀ဒသမ၀၄၀)ကေရှိ ဘိုးဘပိုင်မြေကွက်အား ဒေါ်ဇာဇာလွင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃/၂၀၂၅) အရ ဦးမောင်မောင်လွင်က စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီးနောက် မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနတွင် ဘိုးဘပိုင်အမှုတွဲအမှတ် ၁၇၂/ဘိုးဘ/၂၀၂၄-၂၀၂၅အရ ဒေါ်ဇာဇာလွင်အမည်မှ ဦးမောင်မောင်လွင်၏ အမည်သို့အမည်ပြောင်းလဲခွင့်လျှောက် ထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါ က ဤကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့် မော်လမြိုင်မြို့နယ် မြေစာရင်း ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဝင်းအေး တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၄၃)(၂၇-၁-၂၀၁၅)**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဖလုံရွာမ ကျေးရွာအုပ်စု၊ ဗမာမှန်နီကုန်းကျေးရွာနေ ဦးကျော်သူဝင်း ၁၂/တကန(နိုင်)၁၂၉၈၆၀၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၇-၁၉၈၁ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက-အင်းမ Grade-11 မှ မနှင်းဝေခိုင်နှင့် Grade-5မှ မောင် ခန့် ကျော် နိုင် တို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးဆွေ ၁၄/ပတန(နိုင်)၂၉၅၈၄၂ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/3026, Toyota RAV4, ACA 2, Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၇/ဝမန(နိုင်) ၀၈၄၈၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၁၃၀၀)၊ မြေဧရိယာ(၀.၁၄၆)ကေရှိ ဒေါ်မြတ်သူဇာအောင်(ဘ) ဦးမြသန်း ၉/မကန(နိုင်)၀၈၆၂၉၈ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မြတ်သူဇာအောင်ထံမှ အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ ဒေါ်သန္တာမောင်(ဘ) ဦးမောင်မောင် ၇/လပတ(နိုင်)၀၀၁၈၈၈မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ပိုင်ဆိုင်ကြောင်းတရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်၊ မြေတိုင်းရပ် ကွက်အမှတ် ၁၃/နဝဒေးရပ်၊ မြေကွက်အမှတ်(ပစ(B)၁၀၉၇)၊ အကျယ်အဝန်း (၈၀ x ၆၀)ပေ၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိ နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ် ရပ်ကို လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဂရန်အမည်ပေါက်ပိုင်ရှင် ဦးတိုးတိုး(ဘ)ဦးစိန်မောင် ၁၂/မဂတ(နိုင်) ၀၁၂၁၅၅ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဆွေအောင် (ဘ) ဦးထွန်းအောင် ၆/မအရ(နိုင်) ၀၉၉၃၇၉က ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော မြေပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဆွေဆွေအောင်** | **ဒေါ်မေသဇင်ချစ်(LL.B)** |
| **၆/မအရ(နိုင်) ၀၉၉၃၇၉** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၃၆/၂၀၁၇)** |

**အမှတ်(၂၆၆၁)၊ ဒေါနလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၃၁၁၂၄၀၊၀၉-၆၉၇၈၁၆၆၀၀**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ဝင်းရည်
B.A(Law),LL.B(9)Batch

**စာကြည့်တိုက်မှူးကြီး(ငြိမ်း)၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက် စာကြည့်တိုက်မှူး/ကထိက၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်၊ တောင်ကြီး အကြံပေး၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း**

**အသက်(၇၂)နှစ်**

တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် တာဝန်ထမ်းဆောင်ခဲ့သောစာကြည့်တိုက်မှူးကြီး ဒေါ်တင်ဝင်းရည်သည် ၆-၄-၂၀၂၅ရက် နံနက် ၈:၂၅နာရီတွင် ပင်လုံဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် တက္ကသိုလ်များဗဟိုစာကြည့်တိုက်မိသားစုမှ အထူးဝမ်းနည်းကြေကွဲရပါ သည်။

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မိသားစု

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ ၁၁)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၀

ဦးဝင်းကျော်မျိုး(ဘ)ဦးမျိုးတင့် ၉/မဟမ(နိုင်) ၀၀၅၇၈၄
အရောင်းအဝယ်၊
အကွက်အမှတ်(၆)၊
ဦးပိုင်အမှတ်(၅၀-က)၊ ရဲမွန်တောင်ရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ **လျှောက်သူ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၅၀-က)ရပ်နေ အရွယ်မရောက်သေးသူ မနန်းဆိုင်အွမ်ဖွေးနှင့် ၎င်းပိုင်ဆိုင်သော ပစ္စည်းအကြောင်း မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၅၀-က)ရပ်နေ (၁)ဦးဝင်းကျော်မျိုးက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ၏ ဖခင်ဖြစ်သည်ဟူ၍ ၎င်းသူ၏ ကိုယ်နှင့်စ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၅ခုနှစ်၊ ဧပြီလ ၂၂ရက် (၁၃၈၇ခုနှစ်၊ တန်ခူးလဆုတ် ၁၀ရက်) တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၅ခုနှစ်၊ မတ်လ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

**(နန်းစမ်ငင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

အုတ်တွင်းမြို့၊ ညောင်ခြေထောက်ကျေးရွာအုပ်စု၊ အကွက်အမှတ်(၁-ခ)၊ အကွက်အမည်-ဘူတာရပ်၊ ဦးပိုင်အမှတ်(၁၇ခ)၊ ဧရိယာ(၀ဒသမ၀၃၃)ကေရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က)အရှေ့လားသော်-ဦးပိုင်အမှတ်(၁၇က)ဦးကျော်နိုင်စိုးခြံမြေ၊ (ခ) အနောက်လားသော်-ဦးပိုင်အမှတ်(၁၇ဃ)ဒေါ်စိုးစိုးခြံမြေ၊ (ဂ)တောင်လားသော်- ကြောင်ပိန်ချောင်း၊ (ဃ) မြောက်လားသော်- မျက်နီကွင်းလမ်း

အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဒေါ်သူဇာဝင်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဧပြီလ ၃ ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **အုတ်တွင်းမြို့နယ်မြေစာရင်းဦးစီးဌာန၊ အုတ်တွင်းမြို့**

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ ရန်ကင်း(၄)လမ်းဟုခေါ်တွင်သော သာယာကုန်းကွင်းပိုင်၊ ကွင်းအမှတ်(၉၈၈)၊ က/၂ပေါ်ရှိ အကျယ်အဝန်း (၂၅ပေx၁၀၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးကျော်ကျော် ၁၂/လကန(နိုင်)၁၈၈၇၃၃ မှ ၎င်းတစ်ဦးတည်းသာတရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာလွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ထက်အောင် ၇/ကဝန(နိုင်)၁၄၉၆၁၆က မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ်ချုပ်ဆို၍ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်စပ်လျဉ်း၍ မည်သူမဆိုကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာသည့်ရက်မှ(၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေရည်မြတ်**
**အထက်တန်းရှေ့နေ(စဉ်-၄၁၀၂၆)**
**အမှတ်(၉၁၃)၊ စိန်ပန်းမြိုင်လမ်း၊ (၄၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၃၂၇၂၈**

## သားအဖြစ်မှစွန့်လွှတ်ထားပြီးကြောင်း အများသိစေရန်

ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ တောင်ပိုင်း၊ (၉)ရပ်ကွက်၊ မြတ်လေးလမ်းနေ ဦးမောင်မောင်စိုး-ဒေါ်မြင့်မြင့်ငွေးတို့၏သားဖြစ်သူ မောင်မြတ်မင်းကို ၁၄/ငပတ(နိုင်)၂၂၂၇၁၆သည် မိဘများစိတ်ဆင်းရဲအောင် အမျိုးမျိုးနှိပ်စက်လွန်းပြီး ဆုံးမသွန်သင်မရဘဲ ၎င်း၏ဆန္ဒအတိုင်း နေအိမ်မှ စွန့်ခွာထွက်သွားပြီးဖြစ်ပါ၍ ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ထားပြီးဖြစ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံကြပါရန် ကြေညာအပ်ပါသည်။)

**ဦးမောင်မောင်စိုး ၁၄/ငပတ(နိုင်)၀၀၄၄၀၇**
**ဒေါ်မြင့်မြင့်ငွေး ၁၄/ငပတ(နိုင်)၀၀၃၇၁၀**

## ဦးမြင့်သက်ထွန်း မြင်းခြံမြို့
## အသက်(၄၈)နှစ်

မြင်းခြံမြို့နေ(ဦးခင်မောင်-ဒေါ်စောကြည်)၊ (ဦးတင်ညွန့်-ဒေါ်လှလှ)တို့၏မြေး၊ ဦးမြတ်စံ-ဒေါ်စမ်းစမ်းမြင့်တို့၏ ချစ်လှစွာသောသား၊ ဦးဇာနည်ရဲမြင့်-ဒေါ်မေမြတ်စံတို့၏မောင်၊ ဒေါ်ရွှေဖူးစံ၏အစ်ကို၊ မအမရာမြတ်စံရဲမြင့်၏ ချစ်လှစွာသော ဦးလေး ဦးမြင့်သက်ထွန်းသည် ၆-၄-၂၀၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁:၁၁နာရီတွင် မြင်းခြံမြို့၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၂၅ရက်တွင် မြင်းခြံမြို့၊ ဆူးဖြူကုန်း သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား သိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ-၁၄)
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် - ၃၁၈

ဒေါ်မာမာအေး **နှင့်** ဦးဇော်နိုင်ဦး(ကွယ်လွန်သူ ဦးသောင်းဝေ၏ တရားဝင်ကိုယ်စားလှယ်)
**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ရက်နေ့စွဲပါ မဟာအောင်မြေခရိုင် တရားရုံးတော်မှ တရားမကြီးမှုအမှတ် ၂၅၃/၂၀၂၂ ကိုအယူခံမှု။

အယူခံတရားပြိုင် ဦးဇော်နိုင်ဦး(ကွယ်လွန်သူ ဦးသောင်းဝေ၏ တရားဝင်ကိုယ်စားလှယ်)အိမ်အမှတ်(၃၀၇)၊ ပေါ်ဦးရပ်၊ တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

ယခုအမှုတွင် မဟာအောင်မြေခရိုင်တရားရုံးတော်က ချပေးသည့်ဒီကရီကို ဒေါ်မာမာအေးကအယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ မေလ ၅ရက်(၁၃၈၇ခုနှစ်၊ ကဆုန်လဆန်း ၉ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့် အချိန်အတွင်းသင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ပြေပြေအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁/ပဒေသာ/ဂ၊ ၄၉)၊ ဦးပိုင်အမှတ် (၄၉၀)၊ မြေဧရိယာ(၀ဒသမ၀၅၅)ကေ(လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေနှင့် နေအိမ်တိုက်သစ်၊ လျှပ်စစ်မီတာ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး(အုတ်တံတိုင်းခတ်အပြီးအစီး)တို့ကို ဦးဝင်းအောင် ၉/မနမ(နိုင်) ၀၄၂၃၉၄ထံမှ ဒေါ်ယုယုမိုး ၉/မရမ(နိုင်) ၀၃၇၀၅၅တို့က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုယုမိုး** **ဦးနေမျိုးဇော်(LL.B,D.B.L)**
**၉/မရမ(နိုင်) ၀၃၇၀၅၅** **တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာအုပ်စု၊ အောင်မေတ္တာ(ခ)ရပ်ကွက်၊ (၉)လမ်း၊ မြေကွက်အမှတ်(၇၇၅)၊ ဧရိယာ(၀ဒသမ၀၉၅)ကေ အကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်အား မြေဂရန်လျှောက်ထားမည်ဖြစ်ပါသော ကြောင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစတင်ပြီး ၁၄ရက်အတွင်း သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေဂရန်လျှောက်ထားခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်လေးမြင့် ၇/သဝန(နိုင်) ၀၃၁၇၇၆**
**အမှတ်(၃၈၀)၊မေခါဝီလမ်း၊ (ဈ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၆၄၃၅၆၇၇၆၊ ၀၉-၅၃၄၂၄၄၈**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 29W/32848 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဦး ၉/မနမ(နိုင်) ၁၂၁၀၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)**

## ပျောက်ဆုံးကြောင်း

ပုလဲမြို့နယ်၊ ငှက်ပျောတောယာကျေးရွာနေ ဦးကျော်ထွန်း၏သား၊ မောင်ခန့်ညာ ၅/ပလန(နိုင်)၁၅၅၃၀၅ ၏ နိုင်ငံကူးလက်မှတ် နံပါတ်MI-237129 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၉၁၀၂၇၀၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်(၄၇၂/ခ)၊ ရွာမကျောင်းလမ်း(၂၀ပေX၆၀ပေ)အကျယ်အဝန်းရှိ ဒေါ်မူမူစန်း ၁၂/ဒဂတ(နိုင်)၀၀၂၁၁၀အမည်ပေါက်ပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိဆက်စပ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ထွေး ၁၂/လကန(နိုင်)၀၆၈၁၈၀မှ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွေးငွေးဝင်း(LL.B, D.I.L, WIPO )(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၂၇)နိဗ္ဗာနလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ်၁၁၅၂၊ အကျယ်အဝန်း (၄၀ပေX ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ကေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ရသေးခြင်းမရှိသော(ခေါင်းရင်းဘက်ခြမ်း)၊ (၂၀ပေX၆၀ပေ)အကျယ်အဝန်းရှိ အမှတ်-၁၁၅၂/က၊ နဝရတ်(၄)လမ်း၊(၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဥပဒေနှင့်အညီ လက်ဝယ်ထားရှိ ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ခိုင်သဇ္ဇာ ၁၂/ဒဂတ(နိုင်)၀၅၆၁၅၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ခိုင်လင်း ၁၂/မဂတ(နိုင်)၀၀၉၃၈၂က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်နိုင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၄၇) LL.B.,DBL.,DIPL.,DL-101 (WIPO)**
**အမှတ်(၄၀၁/၅)၊ ၁၅၄-လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၉၆၂၈၂၀၄၄**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ (၆၉)ရပ်ကွက်၊ မင်းလှရွှေတောင်လမ်း၊ အမှတ်(၁၀၃၅)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)အနက်မှတရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(၁၀ပေx၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းထွန်းမြင့် ၁၂/မဂတ(နိုင်)၀၃၆၆၅၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖွန့်ပွင့်ဖြူမောင် ၁၂/မရက(နိုင်)၁၅၉၄၉၅မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့်အိမ်အား သက်ဆိုင်ရာကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တိုးတိုးကျော် (စဉ် - ၈၃၈၇) LL.B, D.B.L တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ Phone : 09-5107042**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/9179 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၆)ရပ်ကွက်၊ (၄၄) လမ်း၊ တိုက်အမှတ်(၂၁)၊ မြေညီထပ်(ခေါင်းရင်းဘက်ခြမ်း)၊ (၁၂ပေခွဲ x ၅၀)ပေ အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသည့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးတင်အောင် ၁၂/ကတတ(နိုင်)၀၁၀၃၅၅ မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ခင်အေးမြင့် ၆/ကသန(နိုင်) ၀၀၂၀၈၉ကလည်း အပြီးအပြတ် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းတိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက်မွန်** **ဦးသုထက်ကျော်လွင်**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**(စဉ်-၁၀၆၀၅/၂၀၁၅)** **(စဉ်-၄၉၅၀၂/၂၀၁၈)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊**
**(၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## မြေကွက်ဝယ်ယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၈)၊ (၈)ရပ်ကွက်၊ဦးပုညလမ်း၊ မြေကွက်အမှတ်(၃၁၆/ခ)၊ (၂၀x၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်ကျင်မီ (အိုင်အက်စ်အင်န်-၀၉၈၉၃၅)မှ ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ဥမ္မာဝေ ၁၂/အစန(နိုင်) ၀၅၀၆၁၇ ကလည်း(၇-၁၀-၁၉၉၅)ရက်က နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုသို့ဝယ်ယူပြီးနောက်ပိုင်း (၂၀၁၇)ခုနှစ်က မြေကွက်၏ပိုင်ဆိုင်မှု မြေချပါမစ်မူရင်းသည် မီးလောင်သည့်ထဲ၌ ပါရှိသွားခဲ့ပါသည်။ အဆိုပါ မြေကွက်၊ နေအိမ်နှင့်ပတ်သက်၍ လက်ရောက်ရရှိ ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သည့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဥမ္မာဝေ မှလွှဲပြီး မည်သူမျှလွှဲပြောင်းရောင်းချပိုင်ခွင့်မရှိပါကြောင်း အများသိ စေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက်မွန်** **ဒေါ်ချယ်ရီသန်းစိုး**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**(စဉ်-၁၀၆၀၅/၂၀၁၅)** **(စဉ်-၅၄၉၆၃/၂၀၂၂)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊**
**(၈)မိုင်မီးပွိုင့် အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်64W/19352, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၁၄/ဟသတ(နိုင်)၂၅၆၈၉၉ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/5245 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုမြတ် ၉/မခန(နိုင်)၁၉၅၁၄၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ ပေါက်ချောင်းရပ်ကွက်၊ နယ်မြေ(၁၃)နေ ဦးတင်မွှေး ၉/မထလ(နိုင်)၀၈၀၄၆၈ မှ သမီးဖြစ်သူ မခင်ခင်ငြိမ်း ၉/မထလ(နိုင်)၂၁၈၆၉၀ သည် မိဘများ၏ ဆိုဆုံးမမှုကို လက်မခံဘဲ မိဘများစိတ်ဆင်းရဲအောင်နှင့် ဂုဏ်သိက္ခာညှိုးနွမ်းအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ အမွေဖြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတင်မွှေး**
**၉/မထလ(နိုင်)၀၈၀၄၆၈**

❖ **မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှ ရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပြီး မိမိ၏ မိသားစုနှင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် မန္တလေးပညာရေးဒီဂရီကောလိပ်ရှိ နည်းပြဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ လမ်းညွှန်မှာကြား



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရန်ကုန်-မန္တလေး အမြန်လမ်းရှိ ဆွာချောင်းတံတား ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၇

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုအခြေအနေများ၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တောင်ငူမြို့သို့ ရောက်ရှိရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❑

ယနေ့ သတင်းအညွှန်း

**အခွန်စည်းကြပ်မှုကိစ္စရပ်နှင့် ပတ်သက်၍ ထရမ့်နှင့် နေတန်ယာဟုတို့ ဆွေးနွေး**
နိုင်ငံတကာသတင်း စာ ၁၄

**ONE Friday Fights 104 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဆွန်ရတ်နှင့် ထိုင်းဖိုက်တာ ထိုးသတ်မည်**
ပြည်တွင်းသတင်း စာ ၁၈

**ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ KNU အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ တစ်ဦး ထိခိုက်ဒဏ်ရာရရှိ**
ပြည်တွင်းသတင်း စာ ၂၅

## သာစည်-ရွှေညောင်လမ်းပိုင်းတွင် ငလျင်ဒဏ်ကြောင့် ရထားလမ်းပိုင်းနေရာအချို့ ပျက်စီးမှုများအား အမြန်ဆုံးပြင်ဆင်ပြီးစီး၍ ရထားခရီးစဉ် ပြန်လည်ပြေးဆွဲပေးလျက်ရှိ

နေပြည်တော် မေ ၇

မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော ပြင်းထန်ငလျင်ဒဏ်ကြောင့် သာစည်-ရွှေညောင် တောင်ပေါ် ရထားလမ်းပိုင်းရှိ အချို့နေရာများ၌ ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့သဖြင့် ရထားပြေးဆွဲမှုများကို ယာယီရပ်နားခဲ့ရသည်။

*စာမျက်နှာ ၂၆ ကော်လံ ၅* ◆

